# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကယားပြည်နယ်တရားလွှတ်တော်




## ၂၀၂၂ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာ

## မာတိကာ


**ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၏ဥယျောဇဉ်** ၁ – ၂

**တာဝန်ထမ်းဆောင်ခဲ့သောကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ** ၃

**ရည်မှန်းချက်** ၄

**လုပ်ငန်းတာဝန်များ** ၄

**တရားရုံး၏တန်ဖိုးများ** ၄

**တရားရုံးနှစ်စဉ် အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်** ၅

**တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု** ၅

တရားစီရင်ရေးဆိုင်ရာအခြေခံမူများ ၅

တရားရုံးဖွဲ့စည်းပုံ ၆

ကယားပြည်နယ်တရားလွှတ်တော်ဖွဲ့စည်းပုံ ၆

ပြည်နယ်တရားလွှတ်တော်၏စီရင်ပိုင်ခွင့် ၇

ခရိုင်တရားရုံးများဖွဲ့စည်းပုံ ၇

ခရိုင်တရားရုံးများ၏စီရင်ပိုင်ခွင့် ၈

မြို့နယ်တရားရုံးများဖွဲ့စည်းပုံ ၈

မြို့နယ်တရားရုံးများ၏စီရင်ပိုင်ခွင့် ၉

ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ ၉

တရားရုံးများ၏တည်နေရာများနှင့်ရုံးများ၏ဓါတ်ပုံများ ၁၀ – ၁၁

ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ ၁၂
ကယားပြည်နယ်တရားလွှတ်တော်ဖွဲ့စည်းပုံ ၁၂
ပြည်နယ်အတွင်းတာဝန်ထမ်းဆောင်ခဲ့သော တရားရေးအရာရှိများနှင့်တရားသူကြီးများ ၁၃ – ၁၆
ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၁၆
**တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ** ၁၇
မှုခင်းများစစ်ဆေးစီရင်ခြင်း ၁၇
ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း ၁၇ – ၂၁
- ကယားပြည်နယ်တရားလွှတ်တော် ၁၇ – ၁၈
- ခရိုင်တရားရုံးများ ၁၈ – ၁၉
- မြို့နယ်တရားရုံးများ ၁၉ – ၂၀
၂၀၂၂ ခုနှစ်တွင် တရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း ၂၁
ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း ၂၂ – ၂၇
- ကယားပြည်နယ်တရားလွှတ်တော် ၂၂ – ၂၃
- ခရိုင်တရားရုံးများ ၂၄ – ၂၅
- မြို့နယ်တရားရုံးများ ၂၆ – ၂၇
အယူခံတက်ရောက်မှုနှုန်း ၂၇ – ၂၉
မှုခင်းပမာဏနှင့်တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု ၂၉ – ၃၀
အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၃၀ – ၃၂
နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တရားရုံးများ၏ဆောင်ရွက်ချက်များ ၃၂ – ၄၈

**တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်** ၄၉
တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် စတင်ဆောင်ရွက်ခြင်း ၄၉
ဌာနတိုးချဲ့ဖွဲ့စည်းခြင်း ၄၉ – ၅၀
မိတ်ဆက်အခမ်းအနားများကျင်းပခြင်း ၅၀
စေ့စပ်ဖြေရှင်းရေးဌာနဖွင့်လှစ်ခြင်း ၅၀
စေ့စပ်ဖြေရှင်းရေးဆိုင်ရာဆောင်ရွက်ချက်များ ၅၁
စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီး အမှုများနှင့်စပ်လျဉ်း၍ တရားရုံး ဆောင်ရွက်ချက်များ ၅၂
အများပြည်သူအသိပညာပေး အစီအစဉ်ဆိုင်ရာ ဆောင်ရွက်ချက်များ ၅၂ – ၅၃
သင်တန်းများပို့ချခြင်း ၅၃
ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ် ၅၃
တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် မိတ်ဆက်ရှင်းလင်းခြင်း မှတ်တမ်းဓါတ်ပုံနှင့် စေ့စပ်ဖြေရှင်းရေးဌာနမှတ်တမ်းဓါတ်ပုံများ ၅၄
**အခြားကြိုးပမ်းဆောင်ရွက်မှုများ** ၅၅
ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိမှု ၅၅ – ၅၆
လူ့စွမ်းအားအရင်းအမြစ် ၅၆ – ၅၈
လေ့ကျင့်သင်ကြားပေးမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု ၅၉
အများပြည်သူအတွက် တရားရုံးများ လက်လှမ်းမီရေးနှင့် အသိအမြင် မြှင့်တင်ရေးဆောင်ရွက်ခြင်း ၆၀
ဥပဒေအသစ်များနှင့် ပြင်ဆင်သည့်ဥပဒေရေးဆွဲဆောင်ရွက်ခြင်း ၆၀ – ၆၁
ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများအားစစ်ဆေးကြည့်ရှုနိုင်မှုအခြေအနေ ၆၁
ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ၂၀၂၂ ခုနှစ်အတွင်း ပြည်နယ်အတွင်းရှိ တရားရုံးများအား ရှောင်တခင်စစ်ဆေးမှုမှတ်တမ်းများ ၆၂ – ၆၃
**တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ( ၂၀၁၈ – ၂၀၂၂ ) ခုနှစ်** ၆၃
ပဉ္စမနှစ်မဟာဗျူဟာ လုပ်ငန်းအစီအစဉ် ( ၂၀၂၂ ) ခုနှစ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ ၆၃ – ၆၄

ကယားပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးနှင့် Zoom Meeting ပြုလုပ် ၆၅
ဆောင်ရွက်မှုမှတ်တမ်းများ
ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ အရ လွိုင်ကော်မြို့တွင် ရုံးထိုင်စစ်ဆေးသည့် ၆၆
တရားရုံးများ
ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ၂၀၂၂ ခုနှစ်အတွင်း ၆၇
ဝန်ထမ်းများအားထောက်ပံ့ပေးမှု မှတ်တမ်းများ
ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံး ၆၈
များ၏ Web Mail လိပ်စာများ
ကျေးဇူးတင်လွှာ ၆၉

**ကယားပြည်နယ်တရားလွှတ်တော်**

**တရားသူကြီးချုပ်၏ဥယျောဇဉ်**



ကယားပြည်နယ်တရားလွှတ်တော်သည် တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်ရည်ရွယ်လျက် ကယားပြည်နယ်တရားလွှတ်တော်၏ ၂၀၂၂ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ကယားပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ ခရိုင်တရားရုံး ( ၄ ) ရုံး၊ မြို့နယ်တရားရုံး ( ၇ ) ရုံးတို့၏ တရားရုံးလုပ်ငန်းများအပေါ် ကြိုးပမ်းဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ အများပြည်သူလေ့လာသိရှိနိုင်စေရန် ထည့်သွင်းဖော်ပြထားပါသည်။

ကယားပြည်နယ်တရားလွှတ်တော်တွင် Zoom Application အသုံးပြု၍ Video Conferencing စနစ်ဖြင့် ကယားပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံးများအား ကြီးကြပ်ကွပ်ကဲခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကြီးမှူးကျင်းပသည့် အစည်းအဝေးများနှင့်ဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကယားပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးစသည့် တရားရုံးသတင်းအချက်အလက်များကို

Facebook Page များမှ အများပြည်သူတို့သိရှိစေရန် အချိန်နှင့်တစ်ပြေးညီဖော်ပြပေးခြင်း၊ ကယား ပြည်နယ်တရားလွှတ်တော်၏ Website . https : // kayah . hc . gov . mm တွင် လွှင့်တင်ပေးခြင်း များကို ဆောင်ရွက်လျက်ရှိပါသည်။

ကယားပြည်နယ်အတွင်းရှိတရားရုံးအဆင့်ဆင့်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ကြီးကြပ်မှုကိုခံယူကာ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ( **National** Case Management Program – NCMP ) အရ မှုခင်းများအား စစ်ဆေးစီရင်ခြင်း၊ ဗွီဒီယို သို့မဟုတ် ရုပ်မြင်သံကြား ဆက်သွယ်မှုဖြင့် သက်သေခံချက်များရယူခြင်း၊ ရာဇဝတ်မှုများ မှန်မှန်နှင့်မြန်မြန်ပြီးပြတ်စေရေး အတွက် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကျင့်သုံး ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် အမှုများကိုစစ်ဆေးလျက်ရှိရာ တရားရုံးနှင့်ပတ်သက်ဆက်နွှယ်နေသူ များအတွက် ကောင်းကျိုးဖြစ်ထွန်း လိမ့်မည်ဟုမျှော်လင့်မိပါသည်။

ကယားပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ လုပ်ငန်းလမ်းညွှန်မှာကြားချက်များကိုလိုက်နာလျက် တရားစီရင်ရေး၊ စီမံခန့်ခွဲရေး နှင့်ထောက်ပံ့ငွေစာရင်းဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ဤနှစ်စဉ်အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ကယား ပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများ၊ တရားရေး အရာရှိများ၊ တရားရုံးဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။



ဒေါ်သန်းသန်းအေး
တရားသူကြီးချုပ်
ကယားပြည်နယ်တရားလွှတ်တော်

၂၀၂၃ ခုနှစ်၊ မတ်လ ( ၈ ) ရက်
လွိုင်ကော်မြို့

## ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တရားလွှတ်တော်တရားသူကြီးများ



ဒေါ်သန်းသန်းအေး
ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်
၁၄-၇-၂၀၂၁ မှ ယနေ့ထိ



ဒေါ်စဝ်ဥမ္မာကြည်
ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီး
၂၉-၁၁-၂၀၁၇ မှ ယနေ့ထိ



ဦးထွန်းထွန်းဦး
ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီး
၁၄-၇-၂၀၂၁ မှ ယနေ့ထိ

**ရည်မှန်းချက်**

- လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန်

**လုပ်ငန်းတာဝန်များ**

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများယုံကြည်ကိုးစားသည့်ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

**တရားရုံး၏တန်ဖိုးများ**

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု

## တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်

## တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု

### တရားစီရင်ရေးဆိုင်ရာအခြေခံမူများ

၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများကို အောက်ပါအတိုင်း ချမှတ်ထားပါသည် –

- ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး
- ပြည်သူတို့၏အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်၍တရားဥပဒေစိုးမိုးရေး နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး
- ဥပဒေကိုပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန်ပညာပေးရေး နှင့်ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး
- ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး
- ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး

## တရားရုံးဖွဲ့စည်းပုံ

တရားစီရင်ရေးသည် နိုင်ငံတော်၏အချုပ်အခြာအာဏာ ခက်မသုံးဖြာအနက် တစ်ခုဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ အရ နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များနှင့်အဆင့်ဆင့်သောတရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအရ တရားရုံးအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊

( ခ ) တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊

( ဂ ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊

ခရိုင်တရားရုံးများ၊

(ဃ) မြို့နယ်တရားရုံးများ၊

( င ) ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ။

## ကယားပြည်နယ်တရားလွှတ်တော်ဖွဲ့စည်းပုံ

၂၀၀၈ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၅ နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၄ တို့အရ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်ကယားပြည်နယ်တရားလွှတ်တော်ကိုတရားသူကြီးချုပ်( ၁ ) ဦး၊ တရားလွှတ်တော်တရားသူကြီး ( ၂ ) ဦး၊ စုစုပေါင်း ( ၃ ) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

## ပြည်နယ်တရားလွှတ်တော်၏စီရင်ပိုင်ခွင့်

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ၃၈အရ ကယားပြည်နယ်တရားလွှတ်တော် အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ပိုင်ခွင့်အာဏာ များမှာအောက်ပါအတိုင်း ဖြစ်ပါသည်–

(က) မူလမှုကိုစီရင်ခြင်း၊

( ခ ) အယူခံမှုကိုစီရင်ခြင်း၊

( ဂ ) ပြင်ဆင်မှုကိုစီရင်ခြင်း၊

(ဃ) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း၊

( င ) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသောအမှုများကိုစီရင်ခြင်းတို့ဖြစ်ပါသည်။

ထို့ပြင် ပြည်နယ်တရားလွှတ်တာ်သည် ပြည်နယ်အတွင်းရှိ တရားရုံးအားလုံး၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ရန် တာဝန်ရှိပါသည်။

## ခရိုင်တရားရုံးများဖွဲ့စည်းပုံ

( ၁–၁–၂၀၂၂ ) ရက်နေ့မှ ( ၃၁–၈–၂၀၂၂ ) ရက်နေ့အထိ ကယားပြည်နယ်တရားလွှတ်တော်၏ကြီးကြပ်မှုအောက်တွင် ခရိုင်တရားရုံး (၂) ရုံး ရှိပါသည်။ လွိုင်ကော်ခရိုင်တရားရုံးနှင့် ဘောလခဲ ခရိုင်တရားရုံးတို့ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ( ၁၇–၈–၂၀၂၂ ) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ( ၅၄၄ / ၂၀၂၂ ) နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ( ၂၂–၈–၂၀၂၂ ) ရက်စွဲပါ ညွှန်ကြားချက် အမှတ် ( ၂ / ၂၀၂၂ ) တို့အားလိုက်နာလျက် ဒီးမော့ဆိုခရိုင်တရားရုံးနှင့် မယ်စဲ့ခရိုင်တရားရုံးတို့ကို ( ၁–၉–၂၀၂၂ ) ရက်နေ့တွင် စတင်တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းများကိုစတင်ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိ အခြေအနေတွင် ကယားပြည်နယ်အတွင်းတွင် ခရိုင်တရားရုံး ( ၄ ) ရုံး ရှိပါသည်။

## ခရိုင်တရားရုံး၏ စီရင်ပိုင်ခွင့်

| | | |
|---|---|---|
| **ရာဇဝတ်စီရင်ပိုင်ခွင့်** | ဥပဒေကခွင့်ပြုထားသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့်ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်<br><br>၎င်း၏ဒေသ နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ်အယူခံ နှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့် | |
| **တရားမစီရင်ပိုင်ခွင့်** | ခရိုင်တရားသူကြီး/ တွဲဖက်ခရိုင်တရားသူကြီး | ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမှုများအပေါ် မူလမှု စီရင်ပိုင်ခွင့် |
| | ဒုတိယခရိုင်တရားသူကြီး | ကျပ်သိန်း ၁၅၀၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမ မှုများအပေါ် မူလမှုစီရင်ပိုင်ခွင့် |
| | ခရိုင်တရားသူကြီး/ တွဲဖက်ခရိုင်တရားသူကြီး<br>ဒုတိယခရိုင်တရားသူကြီး | ၎င်းဒေသနယ်နိမိတ် အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |

## မြို့နယ်တရားရုံးများဖွဲ့စည်းပုံ

ကယားပြည်နယ်တရားလွှတ်တော်၏ ကြီးကြပ်မှုအောက်တွင် မြို့နယ်တရားရုံး ( ၇ ) ရုံး ရှိပါသည်။ မြို့နယ်တရားရုံးများမှာ လွိုင်ကော်မြို့နယ်တရားရုံး၊ ဒီးမော့ဆိုမြို့နယ်တရားရုံး၊ ဖရူဆို မြို့နယ်တရားရုံး၊ ရှားတောမြို့နယ်တရားရုံး၊ ဘောလခဲမြို့နယ်တရားရုံး၊ ဖားဆောင်းမြို့နယ် တရားရုံးနှင့် မယ်စဲ့မြို့နယ်တရားရုံးတို့ဖြစ်ပါသည်။

## မြို့နယ်တရားရုံး၏ စီရင်ပိုင်ခွင့်

| | | |
|---|---|---|
| **ရာဇဝတ် စီရင်ပိုင်ခွင့်** | **မြို့နယ်/တွဲဖက်မြို့နယ်တရားသူကြီး ( အထူးအာဏာရ ရာဇဝတ်တရားသူကြီး )**<br>**ပထမတန်းရာဇဝတ်တရားသူကြီး**<br>**ဒုတိယတန်းရာဇဝတ်တရားသူကြီး**<br>**တတိယတန်းရာဇဝတ်တရားသူကြီး** | **ထောင်ဒဏ် ၇ နှစ်ထိနှင့်ငွေဒဏ်အကန့်အသတ်မရှိ**<br><br>**ထောင်ဒဏ် ၃ နှစ်ထိနှင့်ငွေဒဏ် ၁၀၀၀၀၀ကျပ်**<br>**ထောင်ဒဏ် ၁ နှစ်ထိနှင့် ငွေဒဏ် ၅၀၀၀၀ ကျပ်**<br>**ထောင်ဒဏ် ၃ လထိနှင့် ငွေဒဏ် ၃၀၀၀၀ ကျပ်** |
| **တရားမ စီရင်ပိုင်ခွင့်** | **မြို့နယ်/တွဲဖက်မြို့နယ်တရားသူကြီး**<br><br>**ဒုတိယမြို့နယ်တရားသူကြီး** | **ကျပ်သိန်း ၁၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမှုများ**<br>**ကျပ်သိန်း ၃၀ ထက်မပိုသော တန်ဖိုးရှိသည့်တရားမမှုများ** |

## ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ

ကယားပြည်နယ်တွင်သီးခြားမှုခင်းများကို ကြားနာစစ်ဆေးရန် ဥပဒေအရ တည်ထောင်ထားသော တရားရုံးများမရှိပါ။ စည်ပင်သာယာမှုခင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သည့် မော်တော်ယာဉ်မှုခင်းများကို သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် တရားစွဲဆိုပါသည်။ ကလေးသူငယ်မှုခင်းများ စစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးကို မြို့နယ်တရားရုံးများတွင် ပူးတွဲဖွင့်လှစ်ထားရှိပြီး မြို့နယ်တရားသူကြီးအား ကလေးသူငယ်ဥပဒေအရ တရားစွဲတင်ပို့ သောမှုခင်းများအား စီရင်ပိုင်ခွင့်အာဏာအပ်နှင်း ဆောင်ရွက်လျက်ရှိပါသည်။

## ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ တည်နေရာများ

| စဉ် | ရုံးအမည် | လိပ်စာ |
|---|---|---|
| ၁။ | ကယားပြည်နယ်တရားလွှတ်တော် | သမိန်ထောလမ်း နှင့် လွိုင်ကော်-ရှားတောလမ်းထောင့်၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၂။ | လွိုင်ကော်ခရိုင်တရားရုံး | ဖဖော်လမ်း နှင့် ၅လမ်းထောင့်၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၃။ | ဘောလခဲခရိုင်တရားရုံး | လွိုင်ကော်-မော်ချီးကားလမ်းဘေး၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့ |
| ၄။ | ဒီးမော့ဆိုခရိုင်တရားရုံး | ဦးသီရိလမ်း၊ ခရိုင်စုပေါင်းရုံး၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၅။ | မယ်စဲ့ခရိုင်တရားရုံး | မြောက်ပိုင်းရပ်ကွက်၊ မယ်စဲ့မြို့ |
| ၆။ | လွိုင်ကော်မြို့နယ်တရားရုံး | ဖဖော်လမ်း နှင့် ၅လမ်းထောင့်၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၇။ | ဒီးမော့ဆိုမြို့နယ်တရားရုံး | လွိုင်ကော်-မော်ချီးကားလမ်းဘေး၊စည်ပင်သာယာရပ်ကွက်၊ ဒီးမော့ဆိုမြို့ |
| ၈။ | ဖရူဆိုမြို့နယ်တရားရုံး | မြို့မအုပ်စု၊ ထီးတရဲရပ်ကွက်၊ ဖရူဆိုမြို့ |
| ၉။ | ရှားတောမြို့နယ်တရားရုံး | အောင်ချမ်းသာရပ်ကွက်၊ ရှားတောမြို့ |
| ၁၀။ | ဘောလခဲမြို့နယ်တရားရုံး | လွိုင်ကော်- မော်ချီးကားလမ်းဘေး၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့ |
| ၁၁။ | ဖားဆောင်းမြို့နယ်တရားရုံး | သံလွင်ဦးလမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ဖားဆောင်းမြို့ |
| ၁၂။ | မယ်စဲ့မြို့နယ်တရားရုံး | မြောက်ပိုင်းရပ်ကွက်၊ မယ်စဲ့မြို့ |

# ကယားပြည်နယ်တရားလွှတ်တော်နှင့် လက်အောက်ခံတရားရုံးများ



## ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တရားလွှတ်တော်တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါ်သန်းသန်းအေး | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် | ၁၄-၇-၂၀၂၁ နေ့မှ ယနေ့အထိ |
| ၂။ | ဒေါ်စဝ်ဥမ္မာကြည် | ပြည်နယ်တရားလွှတ်တော်တရားသူကြီး | ၂၉-၁၁-၂၀၁၇ နေ့မှ ယနေ့ထိ |
| ၃။ | ဦးထွန်းထွန်းဦး | ပြည်နယ်တရားလွှတ်တော်တရားသူကြီး | ၁၄-၇-၂၀၂၁ နေ့မှ ယနေ့ထိ |

## ကယားပြည်နယ်တရားလွှတ်တော်၏ဖွဲ့စည်းပုံ



## ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော ပြည်နယ်တရားရေးဦးစီးမှူးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးညွန့်လင်း ( တ / ၂၂၅၈ ) | ပြည်နယ်တရားရေးဦးစီးမှူး | ၂၁-၆-၂၀၂၁ နေ့မှ ၂၄-၃-၂၀၂၂ ထိ |
| ၂။ | ဒေါ်ချယ်ရီခင် ( တ / ၂၃၂၆) | ပြည်နယ်တရားရေးဦးစီးမှူး | ၈-၄-၂၀၂၂ နေ့မှ ယနေ့အထိ |

## ပြည်နယ်တရားသူကြီးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော ရုံးအဖွဲ့မှူးများ/ဦးစီးအရာရှိများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးနေမျိုးထွန်း ( တ / ၂၈၄၃ ) | လက်ထောက်ညွှန်ကြားရေးမှူး ( ရုံးအဖွဲ့မှူး ) | ၁-၂-၂၀၂၁ နေ့မှ ၁၀-၅-၂၀၂၂ ထိ |
| ၂။ | ဒေါ်ဖြူဖြူခိုင် ( တ / ၃၉၆၉ ) | ဦးစီးအရာရှိ | ၁၆-၁၂-၂၀၂၂ နေ့မှ ယနေ့အထိ |

## ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားရေးအရာရှိများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါ်ယုယုဆွေ ( တ / ၂၅၅၇ ) | ဒုတိယညွှန်ကြားရေးမှူး | ၂၆-၄-၂၀၂၁ နေ့မှ ၁၈-၄-၂၀၂၂ ထိ |
| ၂။ | ဦးကျော်ခိုင်ဦး ( တ / ၂၇၃၆) | ဒုတိယညွှန်ကြားရေးမှူး | ၁၈-၄-၂၀၂၂ နေ့မှ ယနေ့အထိ |
| ၃။ | ဦးကျော်ဇင်နိုင် ( တ / ၂၈၀၂ ) | လက်ထောက်ညွှန်ကြားရေးမှူး | ၂၁-၃-၂၀၂၂ နေ့မှ ၃၁-၈-၂၀၂၂ နေ့အထိ |
| ၄။ | ဦးဇင်လင်းသန့် ( တ / ၂၈၅၇) | လက်ထောက်ညွှန်ကြားရေးမှူး | ၃၀-၅-၂၀၂၂ နေ့မှ ၂၅-၁၁-၂၀၂၂ နေ့အထိ |
| ၅။ | ဦးမွန်မြတ်သူ ( တ / ၂၉၆၀) | လက်ထောက်ညွှန်ကြားရေးမှူး | ၂၁-၁၁-၂၀၂၂ နေ့မှ ယနေ့အထိ |
| ၆။ | ဦးဇေယျာဦး ( တ / ၂၉၇၈) | လက်ထောက်ညွှန်ကြားရေးမှူး | ၁၂-၁၂-၂၀၂၂ နေ့မှ ယနေ့အထိ |
| ၇။ | ဒေါ်ညေးမြာ ( တ / ၃၃၅၂ ) | ဦးစီးအရာရှိ | ၂-၂-၂၀၁၆ နေ့မှ ၂၃-၁၁-၂၀၂၂ နေ့အထိ |
| ၈။ | ဒေါ်ညေးမြာ ( တ / ၃၃၅၂ ) | လက်ထောက်ညွှန်ကြားရေးမှူ | ၂၄-၁၁-၂၀၂၂ နေ့မှ ယနေ့အထိ |
| ၉။ | ဒေါ်နန္ဒာဝင်း ( တ / ၃၉၆၃ ) | ဦးစီးအရာရှိ | ၁၆-၁၂-၂၀၂၂ နေ့မှ ယနေ့အထိ |

## လှိုင်ကော်ခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါ်မိုးမိုးမြင့်<br>( တ / ၂၄၈၄ ) | ခရိုင်တရားသူကြီး | ၂၇- ၇ - ၂၀၂၀ နေ့မှ<br>၉-၁၂-၂၀၂၂ နေ့ထိ |
| ၂။ | ဦးစိုးဝင်း<br>( တ / ၂၇၈၀ ) | ခရိုင်တရားသူကြီး | ၇-၁၂-၂၀၂၂ နေ့မှ<br>ယနေ့အထိ |
| ၃။ | ဦးဇင်လင်းသန့်<br>( တ / ၂၈၅၇) | ဒုတိယခရိုင်တရားသူကြီး | ၂၅-၁၁-၂၀၂၂ နေ့မှ<br>ယနေ့အထိ |

## ဘောလခဲခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးမြအောင်<br>(တ / ၂၈၂၉ ) | ဒုတိယခရိုင်တရားသူကြီး<br>( ခရိုင်တရားသူကြီးတာဝန် ) | ၂၄- ၂-၂၀၂၁ နေ့မှ<br>၂၅-၅-၂၀၂၂ နေ့ထိ |
| ၂။ | ဦးကျော်သူအောင်<br>( တ / ၂၉၀၂ ) | ဒုတိယခရိုင်တရားသူကြီး<br>( ခရိုင်တရားသူကြီးတာဝန် ) | ၂၅-၅-၂၀၂၂ နေ့မှ<br>ယနေ့အထိ |

## ဒီးမော့ဆိုခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးကျော်ဇင်နိုင်<br>( တ / ၂၈၀၂ ) | ဒုတိယခရိုင်တရားသူကြီး<br>( ခရိုင်တရားသူကြီးတာဝန် ) | ၁-၉-၂၀၂၂ နေ့မှ<br>ယနေ့အထိ |

## မယ်စဲ့ခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးချစ်လွင်<br>( တ / ၂၇၈၈ ) | ဒုတိယခရိုင်တရားသူကြီး<br>( ခရိုင်တရားသူကြီးတာဝန် ) | ၁၆-၉-၂၀၂၂ နေ့မှ<br>ယနေ့အထိ |

## လှိုင်ကော်မြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးစိုင်းအောင်မြင့်ဦး<br>( တ / ၃၁၇၀ ) | မြို့နယ်တရားသူကြီး | ၃၁-၈-၂၀၂၁ နေ့မှ<br>ယနေ့အထိ |
| ၂။ | ဒေါ်မေသဥ္စာသင်း<br>( တ / ၃၅၂၆ ) | တွဲဖက်မြို့နယ်တရားသူကြီး | ၃၁-၅-၂၀၂၁ နေ့မှ<br>၁-၇-၂၀၂၂ နေ့ထိ |

## ဒီးမော့ဆိုမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးမျိုးမင်းထွေး<br>( တ / ၃၅၈၁ ) | မြို့နယ်တရားသူကြီး | ၃၁-၅-၂၀၂၁ နေ့မှ<br>၈-၇-၂၀၂၂ နေ့ထိ |
| ၂။ | ဦးမျိုးမင်းထွန်း<br>( တ / ၃၇၅၆ ) | ဒုတိယမြို့နယ်တရားသူကြီး<br>(မြို့နယ်တရားသူကြီးတာဝန်) | ၈-၇-၂၀၂၂ နေ့မှ<br>ယနေ့အထိ |

## ဖရူဆိုမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးထက်နိုင်လင်း<br>( တ / ၃၅၆၈ ) | မြို့နယ်တရားသူကြီး | ၃၁-၅-၂၀၂၁ နေ့မှ<br>၈-၇-၂၀၂၂ နေ့ထိ |
| ၂။ | ဦးဟိန်းစိုးထွဋ်<br>( တ / ၃၇၅၂ ) | ဒုတိယမြို့နယ်တရားသူကြီး<br>(မြို့နယ်တရားသူကြီးတာဝန်) | ၈-၇-၂၀၂၂ နေ့မှ<br>ယနေ့အထိ |

## ရှားတောမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးဇင်ဘိုထက်<br>( တ / ၃၅၈၃ ) | မြို့နယ်တရားသူကြီး | ၃၁-၅-၂၀၂၁ နေ့မှ<br>၈-၇-၂၀၂၂ နေ့ထိ |
| ၂။ | ဦးထက်လင်းအောင်<br>( တ / ၃၇၆၆ ) | ဒုတိယမြို့နယ်တရားသူကြီး<br>(မြို့နယ်တရားသူကြီးတာဝန်) | ၈-၇-၂၀၂၂ နေ့မှ<br>ယနေ့အထိ |

## ဘောလခဲမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးအောင်ကိုကို ( တ / ၃၅၇၉ ) | မြို့နယ်တရားသူကြီး | ၃၁-၅-၂၀၂၁ နေ့မှ ၂၅-၅-၂၀၂၂ နေ့ထိ |
| ၂။ | ဦးသီဟနိုင် ( တ / ၃၇၅၇ ) | ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) | ၂၅-၅-၂၀၂၂ နေ့မှ ယနေ့အထိ |

## ဖားဆောင်းမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးရဲရင့်မြတ် ( တ / ၃၆၆၄ ) | ဒုတိယမြို့နယ်တရားသူကြီး ( မြို့နယ်တရားသူကြီးတာဝန် ) | ၁၄-၅-၂၀၂၁ နေ့မှ ၂၁-၁၀-၂၀၂၂ နေ့အထိ |
| ၂။ | ဦးရဲရင့်မြတ် ( တ / ၃၆၆၄ ) | မြို့နယ်တရားသူကြီး | ၂၂-၁၀-၂၀၂၂ နေ့မှ ယနေ့အထိ |

## မယ်စဲ့မြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးတိုးနိုင်ဇော် ( တ / ၃၆၆၅ ) | ဒုတိယမြို့နယ်တရားသူကြီး ( မြို့နယ်တရားသူကြီးတာဝန် ) | ၂-၄-၂၀၂၁ နေ့မှ ၂၁-၁၀-၂၀၂၂ နေ့အထိ |
| ၂။ | ဦးတိုးနိုင်ဇော် ( တ / ၃၆၆၅ ) | မြို့နယ်တရားသူကြီး | ၂၂-၁၀-၂၀၂၂ နေ့မှ ယနေ့အထိ |

## ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၏ အဆောင်အယောင်ဥပဒေအရ အသုံးစရိတ်များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိပြီးပြည်နယ်တရားရေးဦးစီးမှူးရုံး အရာထမ်း / အမှုထမ်းများ၏ အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိပါသည်။

ကယားပြည်နယ်တရားလွှတ်တော်သို့ ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ် ( ၅၅၅၃၀၀၀ိ/- ) ကိုခွဲဝေချထားပေးပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပြည်နယ်တရားရေးဦးစီးမှူးရုံးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရုံးများအတွက် ၂၀၂၂ - ၂၀၂၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်( ၂၈၅၈၈၈၁၆ိ/- ) ခွဲဝေချထားပေးပြီး ငွေလုံးငွေရင်းအသုံးစရိတ် ( ၁၂၂၅၀၀ိ/- ) ခွဲဝေချထားပေးခဲ့ပါသည်။ အသုံးစရိတ်များကိုကယားပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးက တာဝန်ခံကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

## တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

### မှုခင်းများစစ်ဆေးစီရင်ခြင်း

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မှုခင်းများ စစ်ဆေးစီရင်မှု အခြေအနေကို ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း၊ ဆုံးဖြတ်ပြီး အမှုများ၏ သက်တမ်း၊ စစ်ဆေးဆဲအမှုများ၏ သက်တမ်း၊ အယူခံတက်ရောက်မှုနှုန်း၊ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု၊ အရေးကြီးရာဇဝတ်မှု အမျိုးအစားအလိုက် ခွဲခြားခြင်း စသည့်စံနှုန်းများပေါ် မူတည်၍ နှိုင်းယှဉ်ဖော်ပြထားပါသည်။

### ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့ စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကိုအမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာ စွမ်းရည်ကိုတိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း စွဲဆိုတင်ပို့လာသော အမှုနှင့်စီရင်ဆုံးဖြတ်ပြီးသည့် အမှုအရေအတွက် အမျိုးအစားကို တွက်ချက်တိုင်းတာ ဖော်ပြခြင်းဖြစ်ပါသည်။

#### ကယားပြည်နယ်တရားလွှတ်တော်

၂၀၂၂ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်၏ ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင်ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်သို့ စွဲဆိုတင်ပို့သော အမှုပေါင်း ( ၃၃ ) မှုရှိပြီး၊ ပြီးပြတ်မှုသည် ( ၂၉ ) မှုဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် ပိုမိုစွဲဆိုခဲ့ပြီး မှုခင်းအားလုံး၏ ပြီးပြတ်မှုနှုန်းမှာ ( ၈၇.၈၈ % ) ဖြစ်ပါသည်။

ဇယား ( ၁ )

## ကယားပြည်နယ်တရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ( ၂၀၂၁ – ၂၀၂၂ )

| | ၂၀၂၁ ခုနှစ် | | | ၂၀၂၂ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| **စွဲဆိုတင်ပို့မှု** | ၁၀ | ၂ | ၁၂ | ၂၉ | ၄ | ၃၃ |
| **ပြီးပြတ်မှု** | ၁၃ | ၆ | ၁၉ | ၂၇ | ၂ | ၂၉ |
| **အမှုပြီးပြတ်နှုန်း** | **၁၃၀%** | **၃၀၀%** | **၁၅၈.၃၃%** | **၉၃.၁၀%** | **၅၀%** | **၈၇.၈၈%** |




### ခရိုင်တရားရုံးများ

၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများ၏ ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင်ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ခရိုင်တရားရုံးများသို့ စွဲဆိုတင်ပို့သော အမှုပေါင်း ( ၁၂၉ ) မှုရှိပြီး၊ ပြီးပြတ်မှုသည် ( ၂၀၅ ) မှုဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက် ပိုမိုစွဲဆိုခဲ့ပြီး မှုခင်းအားလုံး၏ ပြီးပြတ်မှုနှုန်းမှာ ( ၁၅၈.၉၁ % ) ဖြစ်ပါသည်။

## ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိ ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ( ၂၀၂၁ - ၂၀၂၂ )

| | ၂၀၂၁ ခုနှစ် | | | ၂၀၂၂ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| **စွဲဆိုတင်ပို့မှု** | ၆၈ | ၁၄ | ၈၂ | ၉၅ | ၃၄ | ၁၂၉ |
| **ပြီးပြတ်မှု** | ၈၃ | ၃၆ | ၁၁၉ | ၁၃၂ | ၇၃ | ၂၀၅ |
| **အမှုပြီးပြတ်နှုန်း** | **၁၂၂.၀၆%** | **၂၅၇.၁၄%** | **၁၄၅.၁၂%** | **၁၃၈.၉၅%** | **၂၁၄.၇၁%** | **၁၅၈.၉၁%** |




### မြို့နယ်တရားရုံးများ

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံး ( ၇ ) ရုံးတို့၏ ၂၀၂၂ ခုနှစ် အတွင်း ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင်ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများသို့ စွဲဆိုတင်ပို့သော အမှုပေါင်း ( ၄၀၀ ) မှုရှိပြီး၊ ပြီးပြတ်မှုသည် ( ၅၂၅ ) မှုဖြစ်ပါသည်။ စွဲဆိုလျှောက်ထားမှုသည် ယခင်နှစ်ထက်ပိုမိုစွဲဆိုခဲ့ပြီး မှုခင်းအားလုံး၏ ပြီးပြတ်မှုနှုန်းမှာ ( ၁၃၁.၂၅% ) ဖြစ်ပါသည်။

ဇယား ( ၃ )

## ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ( ၂၀၂၁–၂၀၂၂ )

| | ၂၀၂၁ ခုနှစ် | | | ၂၀၂၁ ခုနှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| **စွဲဆိုတင်ပို့မှု** | ၃၂၃ | ၂၀ | ၃၄၃ | ၃၇၉ | ၂၁ | ၄၀၀ |
| **ပြီးပြတ်မှု** | ၂၉၉ | ၂၁ | ၃၂၀ | ၄၈၂ | ၄၃ | ၅၂၅ |
| **အမှုပြီးပြတ်နှုန်း** | **၉၂.၅၇%** | **၁၀၅%** | **၉၃.၂၉%** | **၁၂၇.၁၈%** | **၂၀၄.၇၆%** | **၁၃၁.၂၅%** |



## ၂၀၂၂ ခုနှစ်တွင် တရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း

ကယားပြည်နယ်တရားလွှတ်တော်၊ ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံး ( ၄ ) ရုံးနှင့် မြို့နယ်တရားရုံး ( ၇ ) ရုံးတို့၏ ရာဇဝတ်၊ တရားမအမှုအမျိုးအစားအလိုက် ၂၀၂၂ ခုနှစ်အတွင်း စွဲဆို၊ ပြီးပြတ်နှင့် အမှုပြီးပြတ်မှုရာခိုင်နှုန်းများကို ဇယား ( ၄ ) တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား ( ၄ )**

| စဉ် | တရားရုံးအမည် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်မှုနှုန်း | |
|---|---|---|---|---|---|---|---|
| | | **စွဲဆို** | **ပြီးပြတ်** | **စွဲဆို** | **ပြီးပြတ်** | **ရာဇဝတ်** | **တရားမ** |
| ၁။ | ကယားပြည်နယ်တရားလွှတ်တော် | ၂၉ | ၂၇ | ၄ | ၂ | ၉၃.၁% | ၅၀% |
| ၂။ | လွိုင်ကော်ခရိုင်တရားရုံး | ၈၅ | ၁၂၃ | ၃၃ | ၇၂ | ၁၄၄.၇၁% | ၂၁၈.၁၈% |
| ၃။ | ဘောလခဲခရိုင်တရားရုံး | ၈ | ၇ | ၁ | ၁ | ၈၇.၅% | ၁၀၀% |
| ၄။ | ဒီးမော့ဆိုခရိုင်တရားရုံး | - | - | - | - | ၀% | ၀% |
| ၅။ | မယ်စဲ့ခရိုင်တရားရုံး | ၂ | ၂ | - | - | ၁၀၀% | ၀% |
| ၆။ | လွိုင်ကော်မြို့နယ်တရားရုံး | ၂၉၀ | ၃၃၉ | ၂၁ | ၄၃ | ၁၁၆.၉% | ၂၀၄.၇၆% |
| ၇။ | ဒီးမော့ဆိုမြို့နယ်တရားရုံး | ၂၇ | ၆၉ | - | - | ၂၅၅.၅၆% | ၀% |
| ၈။ | ဖရူဆိုမြို့နယ်တရားရုံး | ၁၀ | ၂၀ | - | - | ၂၀၀% | ၀% |
| ၉။ | ရှားတောမြို့နယ်တရားရုံး | ၉ | ၉ | - | - | ၁၀၀% | ၀% |
| ၁၀။ | ဘောလခဲမြို့နယ်တရားရုံး | ၁၉ | ၂၁ | - | - | ၁၁၀.၅၃% | ၀% |
| ၁၁။ | ဖားဆောင်းမြို့နယ်တရားရုံး | ၇ | ၇ | - | - | ၁၀၀% | ၀% |
| ၁၂။ | မယ်စဲ့မြို့နယ်တရားရုံး | ၁၇ | ၁၇ | - | - | ၁၀၀% | ၀% |



## ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းသည် တရားရုံးများ၏ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်မှု စွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးက ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်တို့၏ အမျိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ ( ၁၂ ) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် ( ၃၆ ) လအထက် ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ( ၂ ) နှစ်တာကာလအတွက် ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်းကို ရာဇဝတ်၊ တရားမမှုခင်းများအလိုက်နှိုင်းယှဉ်ဖော်ပြထားပါသည်။

### ကယားပြည်နယ်တရားလွှတ်တော်

ကယားပြည်နယ်တရားလွှတ်တော်သည် ရာဇဝတ်နှင့် တရားမဆိုင်ရာမူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေမှုများကို စစ်ဆေးပါသည်။ ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏သက်တမ်းကိုဇယား ( ၅ )၊ တရားမမှုခင်းများ၏သက်တမ်းကို ဇယား ( ၆ ) တို့ဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ( ၂ ) နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား ( ၅ )**

**ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ( ၂၀၂၁ - ၂၀၂၂ )**

| | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၈ | ၆၁.၅၄% | ၂၂ | ၈၁.၄၈% |
| ၃ - ၆ လ | ၄ | ၃၀.၇၇% | ၅ | ၁၈.၅၂% |
| ၆ - ၁၂ လ | - | - | - | - |
| ၁၂ လအထက် | ၁ | ၇.၆၉% | - | - |
| စုစုပေါင်း | ၁၃ | ၁၀၀% | ၂၇ | ၁၀၀% |







ဇယား ( ၆ )

**ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ( ၂၀၂၁–၂၀၂၂ )**

| | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | – | – | – | – |
| ၃ – ၆ လ | ၅ | ၈၃.၃၃% | – | – |
| ၆ – ၁၂ လ | – | – | ၂ | ၁၀၀% |
| ၁၂ – ၃၆ လ | ၁ | ၁၆.၆၇% | – | – |
| ၃၆ လအထက် | – | – | – | – |
| စုစုပေါင်း | ၆ | ၁၀၀% | ၂ | ၁၀၀% |






## ခရိုင်တရားရုံးများ

ခရိုင်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာမူလမှု၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေမှုများကိုစစ်ဆေးပါသည်။ ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးတို့၏ ဆုံးဖြတ်ပြီးရာဇဝတ်မှုများ၏ သက်တမ်းကို ဇယား( ၇ )၊ တရားမမှုခင်းများ၏ သက်တမ်းကို ဇယား ( ၈ ) တို့ဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ( ၂ ) နှစ် အတွက် နှိုင်းယှဉ်ဖော်ပြထား ပါသည်။

**ဇယား ( ၇ )**

**ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ( ၂၀၂၁ – ၂၀၂၂ )**

| | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၁၉ | ၂၂.၈၉% | ၇၆ | ၅၇.၅၈% |
| ၃ – ၆ လ | ၁၆ | ၁၉.၂၈% | ၁၁ | ၈.၃၃% |
| ၆ – ၁၂ လ | ၃၈ | ၄၅.၇၈% | ၁၂ | ၉.၀၉% |
| ၁၂ လအထက် | ၁၀ | ၁၂.၀၅% | ၃၃ | ၂၅% |
| စုစုပေါင်း | ၈၃ | ၁၀၀% | ၁၃၂ | ၁၀၀% |






ဇယား ( ၈)

## ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ( ၂၀၂၁ - ၂၀၂၂ )

| | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | - | - | - | - |
| ၃ - ၆ လ | - | - | ၂ | ၂.၇၄% |
| ၆ - ၁၂ လ | ၁၂ | ၃၃.၃၃% | ၁၆ | ၂၁.၉၂% |
| ၁၂ - ၃၆ လ | ၂၄ | ၆၆.၆၇% | ၃၉ | ၅၃.၄၂% |
| ၃၆ လအထက် | - | - | ၁၆ | ၂၁.၉၂% |
| **စုစုပေါင်း** | **၃၆** | **၁၀၀%** | **၇၃** | **၁၀၀%** |







## မြို့နယ်တရားရုံးများ

မြို့နယ်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာမှုလမှုများကို စစ်ဆေးပါသည်။ ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံး ( ၇ ) ရုံးတို့၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏သက်တမ်းကို ဇယား ( ၉ )၊ တရားမမှုခင်းများ၏ သက်တမ်းကို ဇယား ( ၁၀ ) တို့ဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် အထိ ( ၂ ) နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား ( ၉)**

**မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ( ၂၀၂၁ - ၂၀၂၂ )**

| | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| နေ့ချင်းပြီး | ၄၂ | ၁၄.၀၅% | ၈၀ | ၁၆.၆၀% |
| ၃ လအောက် | ၁၂၂ | ၄၀.၈၀% | ၁၄၉ | ၃၀.၉၁% |
| ၃ - ၆ လ | ၂၅ | ၈.၃၆% | ၉၄ | ၁၉.၅၀% |
| ၆ - ၁၂ လ | ၇၀ | ၂၃.၄၁% | ၇၀ | ၁၄.၅၂% |
| ၁၂ လအထက် | ၄၀ | ၁၃.၃၈% | ၈၉ | ၁၈.၄၇% |
| စုစုပေါင်း | ၂၉၉ | ၁၀၀% | ၄၈၂ | ၁၀၀% |






## မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ( ၂၀၂၁ - ၂၀၂၂ )

| | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၆ လအောက် | ၆ | ၂၈.၅၇% | ၇ | ၁၆.၂၈% |
| ၆ - ၁၂ လ | ၈ | ၃၈.၁၀% | - | - |
| ၁၂ - ၃၆ လ | ၅ | ၂၃.၈၁% | ၂၇ | ၆၂.၇၉% |
| ၃၆ လအထက် | ၂ | ၉.၅၂% | ၉ | ၂၀.၉၃% |
| စုစုပေါင်း | ၂၁ | ၁၀၀% | ၄၃ | ၁၀၀% |







**အယူခံတက်ရောက်မှုနှုန်း**

အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အတွင်း တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် အမှုသည်များ၏ ကျေနပ်မှုကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများမှ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့်ခရိုင်တရားရုံးများ၏ အယူခံမှုအရေအတွက်တို့၏ အမျိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ စုစုပေါင်း အယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် (၂.၈၂%) ရှိပြီး တရားမမှုများ အယူခံတက်ရောက်မှုနှုန်း (၄.၆၅%) ရှိပါသည်။ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းကို ဇယား ( ၁၁ ) တွင် ဖော်ပြထားပါသည်။

**ဇယား ( ၁၁ )**

**၂၀၂၂ ခုနှစ်အတွင်း ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု ( မြို့နယ် ) | အယူခံမှု ( ခရိုင် ) | ဆုံးဖြတ်ပြီးအမှု ( မြို့နယ် ) | အယူခံမှု ( ခရိုင် ) | ရာဇဝတ် | တရားမ |
| ၁။ | ကယားပြည်နယ် | ၃၈၂ | ၁၁ | ၄၃ | ၂ | ၂.၈၂% | ၄.၆၅% |
| **စုစုပေါင်း** | | **၃၈၂** | **၁၁** | **၄၃** | **၂** | **၂.၈၂%** | **၄.၆၅%** |

**ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်း**

ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများမှ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး အမှုအရေအတွက်နှင့်ကယားပြည်နယ်တရားလွှတ်တော်၏ အယူခံမှုအရေအတွက်တို့၏ အမျိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှု နှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၂ ခုနှစ်အတွင်း ကယားပြည်နယ်အတွင်းရှိခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ စုစုပေါင်း အယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် ( ၁၅.၁၅ % ) ရှိပြီး တရားမမှုများတွင် ( ၀% ) ရှိပါသည်။

ကယားပြည်နယ်အတွင်းရှိခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်းကို ဇယား ( ၁၂ ) တွင်ဖော်ပြထားပါသည်။

**ဇယား ( ၁၂ )**

**၂၀၂၂ ခုနှစ်အတွင်း ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့အယူခံတက်ရောက်မှုနှုန်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု ( ခရိုင် ) | အယူခံမှု ( တရားလွှတ်တော် ) | ဆုံးဖြတ်ပြီးအမှု ( ခရိုင် ) | အယူခံမှု ( တရားလွှတ်တော် ) | ရာဇဝတ် | တရားမ |
| ၁။ | ကယားပြည်နယ် | ၁၃၂ | ၂၀ | ၇၃ | - | ၁၅.၁၅% | ၀% |
| | **စုစုပေါင်း** | **၁၃၂** | **၂၀** | **၇၃** | **-** | **၁၅.၁၅%** | **၀%** |

## မှုခင်းပမာဏနှင့်တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု

ပြက္ခဒိန်နှစ်အတွင်း တရားသူကြီးတစ်ဦး စစ်ဆေးရသည့် မှုခင်းပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏကို တိုင်းတာရန်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အတွင်း တရားရုံးအဆင့်အလိုက် တရားသူကြီးတစ်ဦးလျှင် လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်နှင့် စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်တို့ကို ဇယား( ၁၃ ) တွင် ဖော်ပြထားပါသည်။

ဇယား ( ၁၃ )

## ၂၀၂၂ ခုနှစ်အတွင်း တရားသူကြီးတစ်ဦးချင်းစစ်ဆေးရသည့် အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ

| တရားရုံးအမည် | စွဲဆို ( ရာဇဝတ် + တရားမ ) | | | ပြီးပြတ် ( ရာဇဝတ် + တရားမ ) | | | တရားသူကြီး အရေအတွက် | မှုခင်း ပမာဏ | ဆောင်ရွက်နိုင်မှု | ဆောင်ရွက်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း | | | | |
| တရားလွှတ်တော် | ၂၉ | ၄ | ၃၃ | ၂၇ | ၂ | ၂၉ | ၃ | ၁၁ | ၁၀ | ၈၁.၈၂% |
| ခရိုင်တရားရုံးများ | ၉၅ | ၃၄ | ၁၂၉ | ၁၃၂ | ၇၃ | ၂၀၅ | ၅ | ၂၆ | ၄၁ | ၁၅၇.၆၉% |
| မြို့နယ်တရားရုံးများ | ၃၇၉ | ၂၁ | ၄၀၀ | ၄၈၂ | ၄၃ | ၅၂၅ | ၇ | ၅၇ | ၇၅ | ၁၃၁.၅၈% |

၂၀၂၂ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်တွင် တရားသူကြီးတစ်ဦးစီ၏ ပျမ်းမျှလက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ( ၁၁ ) မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ( ၁၀ ) မှုဖြစ်ပါသည် ။

ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများတွင်တရားသူကြီးတစ်ဦး၏လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ( ၂၆ ) မှုဖြစ်ပြီး စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ( ၄၁ ) မှုဖြစ်ပါသည်။

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများတွင် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ( ၅၇ ) မှုဖြစ်ပြီး စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ( ၇၅ ) မှုဖြစ်ပါသည်။

**အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်ခွဲခြားဖော်ပြခြင်း**

ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများသို့ ၂၀၂၂ ခုနှစ်အတွင်း စွဲဆိုခဲ့သည့် အရေးကြီးရာဇဝတ်မှုများဖြစ်သည့် မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုများနှင့်ယာဉ်မတော်တဆမှုကြောင့် လူသေမှုများ၏ စွဲဆိုမှုပမာဏအား ဖော်ပြရခြင်းမှာ အရေးကြီးရာဇဝတ်မှုများဖြစ်ပွားမှုအခြေအနေကိုသိရှိစေရန်ဖြစ်ပါသည်။

ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများ နှင့် မြို့နယ်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှုအရေအတွက်မှ နေ့ချင်းပြီး စစ်ဆေးပြီးပြတ်သည့် အမှုများကို ထုတ်နုတ်၍ ကျန်ရှိသည့် အမှုအရေအတွက်နှင့် အရေးကြီးအမှုအမျိုးအစား တစ်ခုချင်းစီအလိုက် စွဲဆိုသည့်အမှုအရေအတွက်ကို တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂၀၂၂ ခုနှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မူလမှု စုစုပေါင်း ( ၂၄၉ ) မှုရှိပါသည်။ အဆိုပါအမှုများအနက် နေ့ချင်းပြီး စစ်ဆေးပြီးပြတ်ခဲ့သည့် အသေးအဖွဲ့မှုစုစုပေါင်း ( ၈၀ ) မှုရှိပါသည်။ ကျန်ရှိသည့် အမှုပေါင်း ( ၁၆၉ ) မှုတွင် မူးယစ်ဆေးဝါးမှုများသည် ( ၁၉.၅၃% )၊ လူသတ်မှုများသည် ( ၀.၅၉% )၊ မုဒိမ်းမှုများသည် ( ၀.၅၉% )၊ ယာဉ်မတော်တဆမှုကြောင့် လူသေမှုများသည် ( ၀.၅၉% )၊ ကလေးသူငယ်မှုခင်းမှုများ ( ၁၀.၀၆%)၊ အခြားအမှုများသည် ( ၆၈.၆၄% ) စွဲဆိုခဲ့ပါသည်။ အမှုအမျိုးအစားအလိုက် အသေးစိတ်စာရင်းကိုဇယား ( ၁၄ ) တွင်ဖော်ပြထားပါသည်။

**ဇယား ( ၁၄ )**

## ၂၀၂၂ခုနှစ်အတွင်း အရေးကြီးရာဇဝတ်အမှုအမျိုးအစားအလိုက်စွဲဆိုမှု

| စဉ် | အမှုအမျိုးအစား | | စွဲဆိုသည့်အမှု အရေအတွက် | မှတ်ချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | မူးယစ်ဆေးဝါးမှု | | ၃၃ | လှိုင်ကော်ခရိုင်တရားရုံး ( ၂၂ )<br>ဘောလခဲခရိုင်တရားရုံး ( ၂ )<br>လှိုင်ကော်မြို့နယ်တရားရုံး ( ၉ ) | ၁၉.၅၃% |
| ၂။ | လူသတ်မှု | | ၁ | လှိုင်ကော်ခရိုင်တရားရုံး ( ၁ ) | ၀.၅၉% |
| ၃။ | မုဒိမ်းမှု | အရွယ်ရောက် | - | - | ၀.၅၉% |
| | | သက်ငယ် | ၁ | လှိုင်ကော်ခရိုင်တရားရုံး ( ၁ ) | |
| ၄။ | လူကုန်ကူးမှု | | - | | - |
| ၅။ | ယာဉ်မတော်တဆမှုကြောင့် လူသေမှု | | ၁ | ဒီးမော့ဆိုမြို့နယ်တရားရုံး ( ၁ ) | ၀.၅၉% |
| ၆။ | ကလေးသူငယ်မှု | | ၁၇ | လှိုင်ကော်မြို့နယ်တရားရုံး (၁၄)<br>ဘောလခဲမြို့နယ်တရားရုံး ( ၂ )<br>မယ်စဲ့မြို့နယ်တရားရုံး ( ၁ ) | ၁၀.၀၆% |
| ၇။ | အခြား | | ၁၁၆ | | ၆၈.၆၄% |
| | **စုစုပေါင်း** | | **၁၆၉** | | **၁၀၀%** |




## ကယားပြည်နယ်အတွင်းရှိ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တရားရုံးများ၏ ဆောင်ရွက်ချက်များ

### ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ မှုခင်းစီမံခန့်ခွဲမှု ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် “ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅ – ၂၀၁၇ ) ” ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့ပြီး နှစ်အလိုက်လုပ်ငန်းအစီအစဉ်များရေးဆွဲကာ ၂၀၁၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ( ၂၀၁၈–၂၀၂၂ ) ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေငြာခဲ့ပြီးမဟာဗျူဟာနယ်ပယ် ( ၅ ) ဖြစ်သည့် **“ ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် ”** ရည်မှန်းချက်များချမှတ်ကာ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program– NCMP) ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ( ၁ ) ရက်နေ့မှစတင်၍ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် စတင်အကောင်အထည်ဖော်ခဲ့သည့် တရားရုံး ( ၂၆ ) ရုံးတွင် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်ခရိုင်တရားရုံးနှင့်လွိုင်ကော်မြို့နယ်တရားရုံး(၂) ရုံးတို့ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ

( ၁ ) ရက်နေ့မှစတင်၍ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် စတင် အကောင်အထည်ဖော်ခဲ့သည့် တရားရုံး ( ၁၀၉ ) ရုံးတွင် ကယားပြည်နယ်အတွင်းရှိ ဒီးမော့ဆိုမြို့နယ်တရားရုံး ( ၁ ) ရုံးကို လည်းကောင်း၊ ၂၀၂၁ခုနှစ်၊ဇန်နဝါရီလ(၁)ရက်နေ့မှစတင်၍မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်စတင်အကောင်အထည်ဖော်ခဲ့သည့်တရားရုံး ( ၁၂၆ ) ရုံးတွင် ကယားပြည်နယ်အတွင်းရှိ ဘောလခဲခရိုင်တရားရုံး၊ဖရူဆိုမြို့နယ်တရားရုံး၊ ရှားတောမြို့နယ်တရားရုံး၊ ဘောလခဲမြို့နယ်တရားရုံး၊ ဖားဆောင်းမြို့နယ်တရားရုံး နှင့် မယ်စဲ့မြို့နယ်တရားရုံးတို့ကိုလည်းကောင်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် တရားရုံးများအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

**မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း**

၂၀၂၂ခုနှစ်အတွက် တရားရုံးစစ်တမ်းများ ကောက်ယူရာတွင် လွိုင်ကော်ခရိုင်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု အမှုပြီးပြတ်နှုန်းမှာ ၂၀၀ % ဖြစ်ပြီး ပြက္ခဒိန်နှစ်အလိုက် တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၂၅၀% ဖြစ်ပါသည်။ ဘောလခဲခရိုင်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှုအမှုပြီးပြတ်နှုန်းမှာ ၁၀၀% ဖြစ်ပြီး ပြက္ခဒိန်နှစ်အလိုက် တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပါသည်။ ဒီးမော့ဆိုခရိုင်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှုအမှုပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပြီး ပြက္ခဒိန်နှစ်အလိုက် တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပါသည်။ မယ်စဲ့ခရိုင်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု အမှုပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပြီး ပြက္ခဒိန် နှစ်အလိုက် တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပါသည်။ လွိုင်ကော်မြို့နယ်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု အမှုပြီးပြတ်နှုန်းမှာ ၁၃၉% ဖြစ်ပြီး ပြက္ခဒိန်နှစ်အလိုက် တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၁၆၀% ဖြစ်ပါသည်။ ဒီးမော့ဆိုမြို့နယ်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှုအမှုပြီးပြတ်နှုန်းမှာ ၄၃၃% ဖြစ်ပြီး၊ ပြက္ခဒိန်နှစ်အလိုက် တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပါသည်။ ဖရူဆိုမြို့နယ်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု အမှုပြီးပြတ်နှုန်းမှာ ၄၆၇% ဖြစ်ပြီး ပြက္ခဒိန်နှစ်အလိုက် တရားမမှုအမှု ပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပါသည်။ ရှားတောမြို့နယ်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက်ရာဇဝတ်မှု အမှုပြီးပြတ်နှုန်းမှာ ၁၀၀%ဖြစ်ပြီး ပြက္ခဒိန်နှစ်အလိုက် တရားမမှုအမှုပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပါသည်။ ဘောလခဲမြို့နယ်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှုအမှုပြီးပြတ်နှုန်းမှာ ၁၁၂% ဖြစ်ပြီး ပြက္ခဒိန်နှစ်အလိုက် တရားမမှုအမှုပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပါသည်။ ဖားဆောင်းမြို့နယ်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှုအမှုပြီးပြတ်နှုန်းမှာ ၁၀၀% ဖြစ်ပြီး၊ ပြက္ခဒိန်နှစ် အလိုက်တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၀% ဖြစ်ပါသည်။ မယ်စဲ့မြို့နယ်တရားရုံးတွင် ပြက္ခဒိန်နှစ် အလိုက်ရာဇဝတ်မှု

အမှုပြီးပြတ်နှုန်းမှာ ၁၀၀% ဖြစ်ပြီး ပြက္ခဒိန်နှစ်အလိုက်တရားမမှုအမှုပြီးပြတ်နှုန်း မှာ ၀% ဖြစ်ပါသည်။ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းကို ဇယား (၁) ဖြင့် ဖော်ပြထားပါသည်။

### ဇယား(၁)ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း

| တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း% | ၂၀၂၂ခုနှစ်ရလာဒ်များ% |
|---|---|---|---|
| လှိုင်ကော်ခရိုင်တရားရုံး | ရာဇဝတ်မှု | 92% | 200% |
| | တရားမမှု | 64% | 250% |
| ဘောလခဲခရိုင်တရားရုံး | ရာဇဝတ်မှု | 64% | 100% |
| | တရားမမှု | 50% | 0% |
| ဒီးမော့ဆိုခရိုင်တရားရုံး | ရာဇဝတ်မှု | 0% | 0% |
| | တရားမမှု | 0% | 0% |
| မယ်စဲ့ခရိုင်တရားရုံး | ရာဇဝတ်မှု | 0% | 0% |
| | တရားမမှု | 0% | 0% |
| လှိုင်ကော်မြို့နယ်တရားရုံး | ရာဇဝတ်မှု | 100% | 139% |
| | တရားမမှု | 84% | 160% |
| ဒီးမော့ဆိုမြို့နယ်တရားရုံး | ရာဇဝတ်မှု | 84% | 433% |
| | တရားမမှု | 100% | 0% |
| ဖရူဆိုမြို့နယ်တရားရုံး | ရာဇဝတ်မှု | 106% | 467% |
| | တရားမမှု | 0% | 0% |
| ရှားတောမြို့နယ်တရားရုံး | ရာဇဝတ်မှု | 100% | 100% |
| | တရားမမှု | 0% | 0% |
| ဘောလခဲမြို့နယ်တရားရုံး | ရာဇဝတ်မှု | 94% | 112% |
| | တရားမမှု | 0% | 0% |
| ဖားဆောင်းမြို့နယ်တရားရုံး | ရာဇဝတ်မှု | 115% | 100% |
| | တရားမမှု | 0% | 0% |
| မယ်စဲ့မြို့နယ်တရားရုံး | ရာဇဝတ်မှု | 83% | 100% |
| | တရားမမှု | 100% | 0% |







## မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်း

၂၀၂၂ ခုနှစ်အတွက် စစ်ဆေးဆဲအမှုများ၏ သက်တမ်းစစ်တမ်း ကောက်ယူရာ၌ လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်၊ ဒီးမော့ဆိုခရိုင်နှင့် မယ်စဲ့ခရိုင်တရားရုံးတို့သည် (၁၂) လထက် ကျော်လွန်သော ရာဇဝတ်မှုများနှင့် ( ၃၆ ) လထက် ကျော်လွန်သည့် တရားမမှုများ မရှိသောကြောင့် စစ်ဆေးဆဲသက်တမ်းများ နှိုင်းယှဉ်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

လှိုင်ကော်မြို့နယ်တရားရုံးသည် စစ်ဆေးဆဲရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၃၆% လျော့နည်းခဲ့ပြီး၊စစ်ဆေးဆဲတရားမမှုတွင်အခြေခံမျဉ်းထက် ၁၃% လျော့နည်းအောင် ဆောင်ရွက်ခဲ့ပြီး စည်းမျဉ်းထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ရှားတောမြို့နယ်၊ ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ်တရားရုံးတို့သည် ( ၁၂ )လထက် ကျော်လွန်သော ရာဇဝတ်မှုများ နှင့် ( ၃၆ ) လထက်ကျော်လွန်သည့် တရားမမှုများ မရှိသောကြောင့် စစ်ဆေးဆဲသက်တမ်းများ နှိုင်းယှဉ်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်းကို ဇယား ( ၂ ) ဖြင့် ဖော်ပြထားပါသည်။

### ဇယား(၂)စစ်ဆေးဆဲအမှုများသက်တမ်း

| တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း% | ၂၀၂၂ ခုနှစ်အတွက် ရလာဒ်များ% |
|---|---|---|---|
| လှိုင်ကော်ခရိုင် | ရာဇဝတ် | 42% | 0% |
| | တရားမ | 36% | 0% |
| ဘောလခဲခရိုင် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| ဒီးမော့ဆိုခရိုင် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| မယ်စဲ့ခရိုင် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| လှိုင်ကော်မြို့နယ် | ရာဇဝတ် | 58% | 22% |
| | တရားမ | 19% | 6% |
| ဒီးမော့ဆိုမြို့နယ် | ရာဇဝတ် | 1% | 0% |
| | တရားမ | 0% | 0% |
| ဖရူဆိုမြို့နယ် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| ရှားတောမြို့နယ် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| ဘောလခဲမြို့နယ် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| ဖားဆောင်းမြို့နယ် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| မယ်စဲ့မြို့နယ် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |


ခရိုင်နှင့်မြို့နယ် တရားရုံးများ၏ စစ်ဆေးဆဲ ရာဇဝတ်မှုသက်တမ်း
အခြေခံမျဉ်း%
၂၀၂၂ခုနှစ်အတွက်ရလာဒ်များ%
70%
60%
50%
40%
30%
20%
10%
0%
42%
58%
22%
1%


ခရိုင်နှင့်မြို့နယ် တရားရုံးများ၏ စစ်ဆေးဆဲ တရားမမှုသက်တမ်း
အခြေခံမျဉ်း%
၂၀၂၂ခုနှစ်အတွက်ရလာဒ်များ%
40%
30%
20%
10%
0%
36%
19%
6%

**မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ အမှုရုံးချိန်းသေချာစေမှု( အမှုရွှေ့ဆိုင်းနှုန်း၊ အမှုအလိုက် အမှုကြားနာရန် ချိန်းဆိုသောပျမ်းမျှရုံးချိန်းအရေအတွက်၊ စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှု )**

**အမှုရွှေ့ဆိုင်းနှုန်း**

၂၀၂၂ ခုနှစ်အတွက် အမှုရွှေ့ဆိုင်းနှုန်းစစ်တမ်းကောက်ယူရာ၌ လှိုင်ကော်ခရိုင်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၃၄% ၊ တရားမမှုတွင် အခြေခံမျဉ်းထက် ၂၉% ကျော်လွန်နေပြီး၊ အခြေခံမျဉ်းထက်လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီးမော့ဆိုခရိုင်တရားရုံးနှင့် မယ်စဲ့ခရိုင်တရားရုံးတို့မှာ တိုးချဲ့ဖွဲ့စည်းထားသော ရုံးများဖြစ်သည့်အတွက် အမှုများမရှိကြောင်း၊ ဘောလခဲခရိုင်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁၉% ကျော်လွန်နေပြီး၊ အခြေခံမျဉ်းထက် လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း၊ လှိုင်ကော်မြို့နယ်တရားရုံးသည်ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၂၄% ကျော်လွန် နေပြီး အခြေခံမျဉ်းထက်လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုတွင် အခြေခံ မျဉ်းထက် ၈% လျော့နည်းခဲ့ပြီး အခြေခံမျဉ်းထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီးမော့ဆိုမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၃၂% ကျော်လွန်ခဲ့ပြီး အခြေခံ မျဉ်းထက်လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း၊ ဖရူဆိုမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၅၅% ကျော်လွန်ခဲ့ပြီး အခြေခံမျဉ်းထက်လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း၊ ရှားတောမြို့နယ်တရားရုံး သည်ရာဇဝတ်မှုတွင် အခြေခံမျဉ်းအတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း၊ ဘောလခဲ မြို့နယ်တရားရုံး သည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၂၉ % ကျော်လွန်ပြီး အခြေခံမျဉ်းထက် လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း၊ ဖားဆောင်းမြို့နယ် တရားရုံးနှင့် မယ်စဲ့မြို့နယ်တရားရုံးများသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းအတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း တွေ့ရှိရပါသည်။ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ အမှုရွှေ့ဆိုင်းနှုန်းကို ဇယား ( ၃ ) ဖြင့် ဖော်ပြထားပါသည်။

## ဇယား(၃)အမှုရွှေ့ဆိုင်းနှုန်း

| တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း% | ၂၀၂၂ခုနှစ်အတွက် ရလဒ်များ% |
|---|---|---|---|
| လွိုင်ကော်ခရိုင် | ရာဇဝတ် | 29% | 63% |
| | တရားမ | 23% | 52% |
| ဒီးမော့ဆိုခရိုင် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| ဘောလခဲခရိုင် | ရာဇဝတ် | 10% | 29% |
| | တရားမ | 0% | 0% |
| မယ်စဲ့ခရိုင် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| လွိုင်ကော်မြို့နယ် | ရာဇဝတ် | 37% | 61% |
| | တရားမ | 60% | 52% |
| ဒီးမော့ဆိုမြို့နယ် | ရာဇဝတ် | 46% | 78% |
| | တရားမ | 33% | 0% |
| ဖရူဆိုမြို့နယ် | ရာဇဝတ် | 0% | 55% |
| | တရားမ | 0% | 0% |
| ရှားတောမြို့နယ် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| ဘောလခဲမြို့နယ် | ရာဇဝတ် | 0% | 29% |
| | တရားမ | 0% | 0% |
| ဖားဆောင်းမြို့နယ် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |
| မယ်စဲ့မြို့နယ် | ရာဇဝတ် | 0% | 0% |
| | တရားမ | 0% | 0% |


ခရိုင်တရားရုံး၏ ၂၀၂၂ခုနှစ်ရာဇဝတ်၊တရားမ၊ အမှုရှေ့ဆိုင်းနှုန်း
ရာဇဝတ်မှု
တရားမမှု
70%
60%
50%
40%
30%
20%
10%
0%
63%
52%
29%
0%
0%
0%
0%
0%
လှိုင်ကော်ခရိုင်
ဘောလခဲခရိုင်
ဒီးမော့ဆိုခရိုင်
မယ်စဲ့ခရိုင်


ခရိုင်တရားရုံး၏ ၂၀၂၂ခုနှစ်ရာဇဝတ်၊တရားမ၊ အမှုရှေ့ဆိုင်းနှုန်း
ရာဇဝတ်မှု
တရားမမှု
70%
60%
50%
40%
30%
20%
10%
0%
63%
52%
29%
0%
0%
0%
0%
0%
လှိုင်ကော်ခရိုင်
ဘောလခဲခရိုင်
ဒီးမော့ဆိုခရိုင်
မယ်စဲ့ခရိုင်

## အမှုအလိုက် အမှုကြာနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက်

အမှုကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက်မှာ လွိုင်ကော်ခရိုင်တရားရုံးသည်ရာဇဝတ်မှုတွင်အခြေခံမျဉ်းထက် ၇ ကျော်လွန်နေပြီး အခြေခံမျဉ်းထက်လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုတွင် အခြေခံမျဉ်းထက် ၁၀ ကျော်လွန်နေပြီး အခြေခံမျဉ်းထက်လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဘောလခဲခရိုင်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁ ကျော်လွန်နေပြီး အခြေခံမျဉ်းထက် လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း၊ ဒီးမော့ဆိုခရိုင်တရားရုံးနှင့် မယ်စဲ့ခရိုင်တရားရုံးတို့မှာ တိုးချဲ့ဖွဲ့စည်းထားသော ရုံးများဖြစ်သည့်အတွက် အမှုများမရှိကြောင်း၊ လွိုင်ကော်မြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် ၃ ကျော်လွန်နေပြီး အခြေခံမျဉ်းထက် လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှု တွင် အခြေခံမျဉ်းထက် ၁၅ ကျော်လွန်နေပြီး အခြေခံမျဉ်းထက်လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း ၊ ဒီးမော့ဆိုမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁၉ ကျော်လွန်နေပြီး အခြေခံမျဉ်းထက်လျော့နည်းအောင် မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း ၊ ဖရူဆိုမြို့နယ်တရားရုံးသည်ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၂၂ ကျော်လွန်နေပြီး အခြေခံမျဉ်းထက် လျော့နည်းအောင်မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှု မရှိကြောင်း၊ ရှားတောမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၂ လျော့နည်းနေပြီး အခြေခံမျဉ်းထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း၊ ဘောလခဲမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းအတိုင်း ဆောင်ရွက်ခဲ့ပြီးတရားမမှုမရှိကြောင်း၊ ဖားဆောင်းမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၆ လျော့နည်းနေပြီး အခြေခံမျဉ်းထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်းနှင့် မယ်စဲ့မြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၇ လျော့နည်းနေပြီး အခြေခံမျဉ်းထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရားမမှုမရှိကြောင်း တွေ့ရှိရပါသည်။ အမှုအလိုက် အမှုကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်း အရေအတွက်ကို ဇယား ( ၄ ) ဖြင့် ဖော်ပြထားပါသည်။

## ဇယား(၄)ပျမ်းမျှရုံးချိန်းအရေအတွက်

| တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း | ၂၀၂၂ခုနှစ်အတွက် ရလာဒ်များ |
|---|---|---|---|
| လှိုင်ကော်ခရိုင် | ရာဇဝတ် | 17 | 24 |
| | တရားမ | 20 | 30 |
| ဒီးမော့ဆိုခရိုင် | ရာဇဝတ် | 0 | 0 |
| | တရားမ | 0 | 0 |
| ဘောလခဲခရိုင် | ရာဇဝတ် | 6 | 7 |
| | တရားမ | 3 | 0 |
| မယ်စဲ့ခရိုင် | ရာဇဝတ် | 0 | 0 |
| | တရားမ | 0 | 0 |
| လှိုင်ကော်မြို့နယ် | ရာဇဝတ် | 16 | 19 |
| | တရားမ | 12 | 27 |
| ဒီးမော့ဆိုမြို့နယ် | ရာဇဝတ် | 12 | 31 |
| | တရားမ | 40 | 0 |
| ဖရူဆိုမြို့နယ် | ရာဇဝတ် | 4 | 26 |
| | တရားမ | 0 | 0 |
| ရှားတောမြို့နယ် | ရာဇဝတ် | 4 | 2 |
| | တရားမ | 0 | 0 |
| ဘောလခဲမြို့နယ် | ရာဇဝတ် | 7 | 4 |
| | တရားမ | 0 | 0 |
| ဖားဆောင်းမြို့နယ် | ရာဇဝတ် | 9 | 3 |
| | တရားမ | 0 | 0 |
| မယ်စဲ့မြို့နယ် | ရာဇဝတ် | 10 | 3 |
| | တရားမ | 9 | 0 |

**စံသတ်မှတ်ကာလအတွင်း အမှုပြီးပြတ်နှုန်း**

စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုအခြေအနေကို အောက်ပါဇယားများဖြင့်တင်ပြအပ်ပါသည် –

**ခရိုင်တရားရုံးများ၏ စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုနှုန်း**

| တရားရုံးအမည် | အမှုအမျိုးအစား | သတ်မှတ်ချိန် | စံသတ်မှတ်ကာလအတွင်း ဆုံးဖြတ်နိုင်မှု |
|---|---|---|---|
| လှိုင်ကော်ခရိုင် | **ရာဇဝတ်** | 80% | 50% |
| | **တရားမ** | 69% | 20% |
| ဒီးမော့ဆိုခရိုင် | **ရာဇဝတ်** | 0% | 0% |
| | **တရားမ** | 0% | 0% |
| ဘောလခဲခရိုင် | **ရာဇဝတ်** | 100% | 100% |
| | **တရားမ** | 100% | 0% |
| မယ်စဲ့ခရိုင် | **ရာဇဝတ်** | 0% | 0% |
| | **တရားမ** | 0% | 0% |

## မြို့နယ်တရားရုံးများ၏ စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုနှုန်း

| တရားရုံးအမည် | အမှုအမျိုးအစား | သတ်မှတ်ချိန် | စံသတ်မှတ်ကာလအတွင်း ဆုံးဖြတ်နိုင်မှု |
|---|---|---|---|
| လှိုင်ကော်မြို့နယ် | **ရာဇဝတ်** | 85% | 57% |
| | **တရားမ** | 85% | 29% |
| ဒီးမော့ဆိုမြို့နယ် | **ရာဇဝတ်** | 100% | 35% |
| | **တရားမ** | 100% | 0% |
| ဖရူဆိုမြို့နယ် | **ရာဇဝတ်** | **100%** | 43% |
| | **တရားမ** | 0% | 0% |
| ရှားတောမြို့နယ် | **ရာဇဝတ်** | **100%** | 100% |
| | **တရားမ** | 0% | 0% |
| ဘောလခဲမြို့နယ် | **ရာဇဝတ်** | **125%** | 100% |
| | **တရားမ** | 0% | 0% |
| ဖားဆောင်းမြို့နယ် | **ရာဇဝတ်** | **95%** | 100% |
| | **တရားမ** | 0% | 0% |
| မယ်စဲ့မြို့နယ် | **ရာဇဝတ်** | **73%** | 100% |
| | **တရားမ** | 100% | 0% |

### မှုခင်းစီမံခန့်ခွဲမှု တရားရုံးများ၏ တရားရုံးအသုံးပြုသူများကျေနပ်မှု

၂၀၂၂ ခုနှစ် တရားရုံးအသုံးပြုသူများ၏ စစ်တမ်းအား ကောက်ယူရမည့် အချိန်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ် - ၁၉ ရောဂါထိန်းချုပ်ကာကွယ် တားဆီးနိုင်ရေးအတွက် အများပြည်သူများအကျိုးငှာ ရောဂါထိန်းချုပ်ရေးကာလအဖြစ်သတ်မှတ် ထားရှိသောကြောင့် လူစုလူဝေးမဖြစ်စေရန်အတွက် ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများသို့ လာရောက်သည့် တရားရုံးအသုံးပြုသူများ၏ စစ်တမ်း ကောက်ယူခြင်းကို ပြုလုပ်ခဲ့ရခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

## ကယားပြည်နယ်အတွင်းရှိမြို့နယ်တရားရုံးများ၏ တရားမမူလမှုများပြီးပြတ်နှုန်း ၂၀၂၂ခုနှစ်၊ဇန်နဝါရီလ(၁)ရက်နေ့မှ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ

| ခရိုင် | မြို့နယ်တရားရုံး | တရားမမူလမှု | | |
|---|---|---|---|---|
| | | လက်ခံ | ပြီးပြတ် | ပြီးပြတ်မှုနှုန်း% |
| လွိုင်ကော်ခရိုင် | လွိုင်ကော်မြို့နယ် | 15 | 24 | 160% |
| | ရှားတောမြို့နယ် | 0 | 0 | 0% |
| ဒီးမော့ဆိုခရိုင် | ဒီးမော့ဆိုမြို့နယ် | 0 | 0 | 0% |
| | ဖရူဆိုမြို့နယ် | 0 | 0 | 0% |
| ဘောလခဲခရိုင် | ဘောလခဲမြို့နယ် | 0 | 0 | 0% |
| | ဖားဆောင်မြို့နယ် | 0 | 0 | 0% |
| မယ်စဲ့ခရိုင် | မယ်စဲ့မြို့နယ် | 0 | 0 | 0% |

## ကယားပြည်နယ်အတွင်းရှိမြို့နယ်တရားရုံးများ၏ တရားမမူလမှုများ ပျမ်းမျှကြန့်ကြာကာလ ၂၀၂၂ခုနှစ်၊ဇန်နဝါရီလ(၁)ရက်နေ့မှ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ

| ခရိုင် | မြို့နယ် | တရားမမူလမှု | | |
|---|---|---|---|---|
| | | ပြီးပြတ်သည့်အမှုအရေအတွက် | စုစုပေါင်းကြန့်ကြာရက် | ပျမ်းမျှကြာရက် |
| လွိုင်ကော်ခရိုင် | လွိုင်ကော်မြို့နယ် | 24 | 12592 | 524 |
| | ရှားတောမြို့နယ် | 0 | 0 | 0 |
| ဒီးမော့ဆိုခရိုင် | ဒီးမော့ဆိုမြို့နယ် | 0 | 0 | 0 |
| | ဖရူဆိုမြို့နယ် | 0 | 0 | 0 |
| ဘောလခဲခရိုင် | ဘောလခဲမြို့နယ် | 0 | 0 | 0 |
| | ဖားဆောင်မြို့နယ် | 0 | 0 | 0 |
| မယ်စဲ့ခရိုင် | မယ်စဲ့မြို့နယ် | 0 | 0 | 0 |

## ကယားပြည်နယ်အတွင်းရှိမြို့နယ်တရားရုံးများ၏ တရားမမူလမှုများ ပြီးပြတ်ရန်ကြန့်ကြာကာလ
## ၂၀၂၂ ခုနှစ်၊ဇန်နဝါရီလ(၁)ရက်နေ့မှ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ

| လွိုင်ကော်မြို့နယ်တရားရုံး၏တရားမမူလမှုများ ပြီးပြတ်ရန်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| **စဉ်** | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| **1** | 64/2019 | 27/11/2019 | 14/07/2022 | 960 |
| **2** | 65/2019 | 27/11/2019 | 10/05/2022 | 895 |
| **3** | 3/2020 | 11/02/2020 | 10/05/2022 | 819 |
| **4** | 4/2020 | 25/02/2020 | 20/06/2022 | 846 |
| **5** | 6/2020 | 12/03/2020 | 09/05/2022 | 788 |
| **6** | 10/2020 | 05/05/2020 | 20/09/2022 | 868 |
| **7** | 13/2020 | 02/06/2020 | 21/10/2022 | 871 |
| **8** | 15/2020 | 01/07/2020 | 25/04/2022 | 663 |
| **9** | 25/2020 | 07/10/2020 | 23/09/2022 | 716 |
| **10** | 27/2020 | 21/10/2020 | 15/09/2022 | 694 |
| **11** | 28/2020 | 21/10/2020 | 01/06/2022 | 588 |
| **12** | 29/2020 | 21/10/2020 | 01/06/2022 | 588 |
| **13** | 30/2020 | 21/10/2020 | 15/09/2022 | 694 |
| **14** | 33/2020 | 05/11/2020 | 21/04/2022 | 532 |
| **15** | 36/2020 | 02/12/2020 | 21/04/2022 | 505 |
| **16** | 7/2021 | 15/02/2021 | 16/05/2022 | 455 |
| **17** | 10/2021 | 11/03/2021 | 13/05/2022 | 428 |
| **18** | 15/2021 | 07/12/2021 | 16/05/2022 | 160 |
| **19** | 2/2022 | 11/03/2022 | 24/06/2022 | 105 |
| **20** | 4/2022 | 05/05/2022 | 18/10/2022 | 166 |
| **21** | 8/2022 | 06/06/2022 | 29/09/2022 | 115 |
| **22** | 9/2022 | 20/06/2022 | 16/09/2022 | 88 |
| **23** | 12/2022 | 19/09/2022 | 19/10/2022 | 30 |
| **24** | 13/2022 | 13/10/2022 | 31/10/2022 | 18 |

| **ဒီးမော့ဆိုမြို့နယ်တရားရုံး၏တရားမမူလမှုများ ပြီးပြတ်ရန်ကြန့်ကြာရက်** | | | | |
|---|---|---|---|---|
| **စဉ်** | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| | မရှိပါ | | | |

| ဖရူဆိုမြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရန်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| စဉ် | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| | မရှိပါ | | | |

| ရွာသောမြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရန်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| စဉ် | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| | မရှိပါ | | | |

| ဘောလခဲမြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရန်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| စဉ် | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| | မရှိပါ | | | |

| ဖားဆောင်းမြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရန်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| စဉ် | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| | မရှိပါ | | | |

| မယ်စဲ့မြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရန်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| **စဉ်** | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| | မရှိပါ | | | |

၂၀၂၂ ခုနှစ်အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ သက်တမ်းစစ်တမ်းကောက်ယူရာ၌ လွိုင်ကော်ခရိုင်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁၀၈% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ကြောင်း ၊ တရားမမှုတွင် အခြေခံမျဉ်းထက် ၁၈၆% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပသည်။

၂၀၂၂ခုနှစ်အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ သက်တမ်း စစ်တမ်း ကောက်ယူရာ၌ ဘောလခဲခရိုင်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၃၆% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ကြောင်း ၊ တရားမမှုမရှိကြောင်း တွေ့ရှိရပါသည်။

ဒီးမော့ဆိုခရိုင်တရားရုံး၊ မယ်စဲ့ခရိုင်တရားရုံးများသည် တိုးချဲ့ဖွင့်လှစ်သည့် ခရိုင်များ ဖြစ်သောကြောင်း အမှုများမရှိကြောင်း တွေ့ရှိရပါသည်။

၂၀၂၂ခုနှစ်အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ သက်တမ်း စစ်တမ်း ကောက်ယူရာ၌ လွိုင်ကော်မြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၃၉% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ကြောင်း ၊ တရားမမှုတွင် အခြေခံမျဉ်းထက် ၇၆% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ သက်တမ်း စစ်တမ်း ကောက်ယူရာ၌ ဒီးမော့ဆိုမြို့နယ်တရားရုံးသည်ရာဇဝတ်မှုတွင်အခြေခံမျဉ်းထက် ၃၄၅%ကျော်လွန်အောင်ဆောင်ရွက်ခဲ့ကြောင်း၊တရားမမှုများစွဲဆိုထားခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ သက်တမ်း စစ်တမ်း ကောက်ယူရာ၌ဖရူဆိုမြို့နယ်တရားရုံးသည်ရာဇဝတ်မှုတွင်အခြေခံမျဉ်းထက် ၃၆၁%ကျော်လွန်အောင်ဆောင်ရွက်ခဲ့ကြောင်း ၊ တရားမမှုများ စွဲဆိုထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ သက်တမ်း စစ်တမ်း ကောက်ယူရာ၌ ရှားတောမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းအတိုင်း ဆောင်ရွက်ခဲ့ကြောင်း ၊ တရားမမှုများ စွဲဆိုထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ သက်တမ်း စစ်တမ်း ကောက်ယူရာ၌ ဘောလခဲမြို့နယ်တရားရုံးသည်ရာဇဝတ်မှုတွင်အခြေခံမျဉ်းထက် ၁၈% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ကြောင်း ၊ တရားမမှုများ စွဲဆိုထားခြင်းမရှိကြောင်း တွေ့ရှိ ရပါသည်။

၂၀၂၂ ခုနှစ် အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ သက်တမ်း စစ်တမ်း ကောက်ယူရာ၌ဖားဆောင်းမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁၅% လျော့နည်းနေပါကြောင်း ၊ တရားမမှုများ စွဲဆိုထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ သက်တမ်း စစ်တမ်း ကောက်ယူရာ၌ မယ်စဲ့မြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁၇% ကျော်လွန် အောင်ဆောင်ရွက်ခဲ့ကြောင်း၊ တရားမမှုများ စွဲဆိုထားခြင်းမရှိကြောင်း တွေ့ရှိ ရပါသည်။

## တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်

### တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် စတင်ဆောင်ရွက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၅၈/၂၀၂၁ ) ဖြင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ၁၁-၁၀-၂၀၂၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏(၂၀-၇-၂၀၂၂)ရက်စွဲပါစာအမှတ် ၁၆ / ၁၂၉ /ပတခ (၁၆၀၁/၂၀၂၂ )အရ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ တရားမမူလမှုများအား နှစ်ဖက်အမှုသည်များက ကျေနပ်လက်ခံနိုင်သည့်သဘောတူညီချက်ရရှိစေရန် တရားရုံးကခန့်အပ်တာဝန်ပေးထားသာ စေ့စပ်ဖြေရှင်းရေးအရာရှိက ကြားဝင် စေ့စပ်ဖြေရှင်းပေးသောလုပ်ငန်းစဉ် (Court-led Mediation System ) အား ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ စတင်ပြီး တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ပါသည်။ ကယားပြည်နယ်တရားလွှတ်တော်၊ စေ့စပ်ဖြေရှင်းရေးဌာနကို ၁-၈-၂၀၂၂ ရက်နေ့မှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါ သည်။

### ဌာနတိုးချဲ့ဖွဲ့စည်းခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၏ ၂-၅-၂၀၂၂ ရက်စွဲပါ စာအမှတ် - ၉ / ၆၃ / အဖရ - ၁ ( ၄၁၇/၂၀၂၂ )ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်၏ ဖွဲ့စည်းပုံကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၉-၅-၂၀၂၂ ရက်စွဲပါ အမိန့်အမှတ်၊ ၃၁၆/ ၂၀၂၂ အရ စေ့စပ်ဖြေရှင်းအရာရှိအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်လင်းသန့် (တ/၂၈၅၇) အားခန့်ထားခဲ့ပါသည်။ အငြင်းပွားမှုများ ဖြေရှင်းရေးနှင့် အထူးမှုခင်းကိစ္စရပ်များဌာနတွင်ဝန်ထမ်းများတာဝန်ထမ်းဆောင်နိုင်ရေးအတွက် မိမိလက်ရှိဝန်ထမ်းအင်အားမှ ထုတ်နုတ်ဖွဲ့စည်းရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၏ ၄-၅-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၉ / ၆၄ / အဖရ- ၁ ( ၄၂၃/၂၀၂၂ ) ဖြင့်ညွှန်ကြားချက်အရ ကယားပြည်နယ်တရားလွှတ်တော်၏ စေ့စပ်ဖြေရှင်းရေးဌာနတွင် အကြီးတန်းစာရေး (၁) ဦးနှင့် ရုံးအကူ/စာပို့ (၁) ဦး တို့အား ပြည်နယ်တရားရေးဦးစီးမှူးရုံး၏ ၁၉-၅-၂၀၂၂ ရက်စွဲပါ အမိန့်အမှတ်- ၃၅ /၂၀၂၂ ဖြင့်တာဝန်ပေးအပ်ထားပြီးဖြစ်ပါသည်။

ကယားပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနသည် ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိ ( ၂ )ထပ်အဆောက်အဦ၏ပထမထပ်တွင်တည်ရှိပါသည်။ စေ့စပ်ဖြေရှင်းရေးဌာနကို ရုံးခန်း ( ၃ ) ခန်းဖြင့်ဖွဲ့စည်းထားပြီး တာဝန်ခံရုံးခန်းနှင့် စေ့စပ်ဖြေရှင်းဌာန ရုံးခန်းတစ်ခန်း၊ စေ့စပ်ဖြေရှင်းရေးအခန်းတစ်ခန်းနှင့် စေ့စပ်ဖြေရှင်းရန်လာရောက်သူတို့ စောင့်ဆိုင်းသည့် ရုံးခန်းတစ်ခန်းတို့ဖြစ်ပါသည်။ ရုံးအဖွဲ့နှင့်အများပြည်သူတို့ရေနှင့် သန့်ရှင်းရေးကိစ္စ အသုံးပြုနိုင်ရန် လက်ဆေးစင်( ၁ ) ခုရှိပြီး သန့်စင်ခန်း (၁)ခန်း ရှိပါသည်။ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၏ ၁၃-၅-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၀၃ / ၀၁ ( အငြင်းပွားမှု ) / ၂၀၂၂ အရ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ( ၁ ) ရက်နေ့မှစတင်၍ စေ့စပ်ဖြေရှင်းရေး လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ရန် အကြောင်းကြားခဲ့သဖြင့် ရုံးခန်းများပြင်ဆင်ခဲ့ရာ စေ့စပ်ဖြေရှင်းရေးဌာနအတွက် ဗီဒို ( ၂ ) လုံး၊ အရာရှိစားပွဲ ( ၃ ) လုံး၊ စာရေးစားပွဲ ( ၄ ) လုံး၊ ကွန်ပျူတာတင်ရန် စားပွဲသေး ( ၂ ) လုံး၊ အရာရှိကုလားထိုင် ( ၃ ) လုံး၊ စာရေးကုလားထိုင် ( ၁၂ ) လုံးတို့အား အသုံးပြု ဆောင်ရွက်ထားပြီး၊ ရုံးခန်းများတွင်လည်း ကိုဗစ် – ၁၉အကာအရံများဆောင်ရွက်ထားရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကယားပြည်နယ်တရားလွှတ်တော်၊ စေ့စပ်ဖြေရှင်းရေးဌာနအတွက်ခွဲဝေပေးသည့် Computer( ၂ )လုံး၊ Printer ( ၂ )လုံးနှင့် Coppier (၁) လုံးတို့အား ( ၂၁-၉-၂၀၂၂ ) ရက်နေ့တွင်လည်းကောင်း၊ Office Table ( ၂ )လုံး၊ Office Chair ( ၂ )လုံး၊ Cabinet ( ၂ )လုံး၊ Mediator Table ( ၂) လုံး၊ Mediator Chair( ၂ ) လုံး၊ Metting Table (၂)လုံး၊ Metting Chair (၁၀)လုံး၊ Small Chair (၂၀)လုံးတို့အား(၂၉-၁၂-၂၀၂၂ ) ရက်နေ့တွင် လည်းကောင်း လက်ခံရရှိခဲ့ပြီး စေ့စပ်ဖြေရှင်းရေးရုံးခန်းနှင့် စေ့စပ်ဖြေရှင်းရေးအခန်းတို့တွင်ခွဲဝေရရှိသည့် ပရိဘောဂများတပ်ဆင်ထားရှိပြီးဗီနိုင်းများတပ်ဆင်ခြင်း၊ စေ့စပ်ဖြေရှင်းရေးဌာနဆိုင်းဘုတ်တပ်ဆင်ခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များနေရာချထားခြင်း၊ ပိုစတာများကပ်ခြင်း၊လက်ကမ်းစာစောင်များဖြန့်ဝေခြင်းစသည်တို့ကိုဆောင်ရွက်ထားပြီးဖြစ်ပါသည်။

**မိတ်ဆက်အခမ်းအနားများကျင်းပခြင်း**

တရားမမှုများတွင်တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် ကြိုတင်မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ( ၂၈ ) ရက်နေ့ နံနက် ( ၉:၀၀ ) နာရီ အချိန်တွင် ကယား ပြည်နယ်တရားလွှတ်တော် ရွှေကိန္နရီခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

**စေ့စပ်ဖြေရှင်းရေးဌာနဖွင့်လှစ်ခြင်း**

ကယားပြည်နယ်တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာနကို( ၁-၈-၂၀၂၂ ) ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့ပါသည်။

**စေ့စပ်ဖြေရှင်းရေးဆိုင်ရာဆောင်ရွက်ချက်များ**

(၁-၈-၂၀၂၂ ) ရက်နေ့မှ ( ၃၁-၁၂-၂၀၂၂ ) ရက်နေ့အထိ (၅)လတာကာလအတွင်း တရားမမှု စုစုပေါင်း (၁၁) မှု စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခဲ့ပြီး (၃)မှုအောင်မြင်မှုရရှိခဲ့၍ ရာခိုင်နှုန်းအားဖြင့် အောင်မြင်မှု (၂၇.၂၇ %) ရရှိခဲ့ပါသည်။

ကယားပြည်နယ်တရားလွှတ်တော်၊ စေ့စပ်ဖြေရှင်းရေးဌာနသို့ အစီရင်ခံသည့်ကာလအတွင်း နယ်မြေဒေသအခြေအနေအရ ပြည်နယ်တရားလွှတ်တော်၊ လွိုင်ကော်ခရိုင်တရားရုံးနှင့် လွိုင်ကော်မြို့နယ်တရားရုံးမှ အမှုများသာ ပိုမိုပေးပို့နိုင်ပြီး အမှုသည်များလည်း လာရောက်နိုင်သဖြင့် အဆိုပါတရားရုံးများမှ ပေးပို့သော အမှုများမှာ ပိုမို၍အောင်မြင်မှုရရှိပါသည်။ ကျန်ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် အစီရင်ခံသည့်ကာလအတွင်း အဆိုပါတရားရုံးများ၌ စွဲဆိုသည့် တရားမကြီးမှုများ မရှိသည့်အတွက်လည်းကောင်း၊ ခရီးကွာဝေး၍လည်းကောင်း၊ နယ်မြေဒေသ၏အခြေအနေများကြောင့်လည်းကောင်း အမှုများလွှဲအပ်နိုင်မှု မရှိသည့်အပြင် အမှုသည်များလည်း လာရောက်နိုင်ကြခြင်းလည်းမရှိသဖြင့် အောင်မြင်မှုနည်းပါးသည်ကို တွေ့ရှိရပါသည်။

**ကယားပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန၏**
**(၁-၈-၂၀၂၂) ရက်နေ့မှ (၃၁-၁၂-၂၀၂၂) ရက်နေ့ထိဆောင်ရွက်မှုအခြေအနေ**

| စဉ် | လအမည် | ယခင်လလက်ကျန် | လွှဲအပ်သည့်အမှု | စေ့စပ်ဖြေရှင်းရေး | | ဆောင်ရွက်ပြီးအမှု | ဆောင်ရွက်ရန်ကျန်အမှု | အောင်မြင်မှုရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|
| | | | | အောင်မြင်သောအမှု | မအောင်မြင်သောအမှု | | | |
| ၁။ | ဩဂုတ် | - | ၇ | ၁ | ၄ | ၅ | ၂ | ၂၀% |
| ၂။ | စက်တင်ဘာ | ၂ | ၁ | - | ၂ | ၂ | ၁ | ၀% |
| ၃။ | အောက်တိုဘာ | ၁ | ၁ | ၁ | - | ၁ | ၁ | ၁၀၀% |
| ၄။ | နိုဝင်ဘာ | ၁ | ၂ | - | ၂ | ၂ | ၁ | ၀% |
| ၅။ | ဒီဇင်ဘာ | ၁ | - | ၁ | - | ၁ | - | ၁၀၀% |
| **စုစုပေါင်း** | | **-** | **၁၁** | **၃** | **၈** | **၁၁** | **-** | **၂၇.၂၇%** |




**စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီး အမှုများနှင့်စပ်လျဉ်း၍ တရားရုံးဆောင်ရွက်ချက်များ**

ကယားပြည်နယ်တရားလွှတ်တော်၊ စေ့စပ်ဖြေရှင်းရေးဌာနကို စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ( ၁-၈-၂၀၂၂ ) ရက်နေ့မှ ( ၃၁-၁၂-၂၀၂၂ ) ရက်နေ့အထိ ကာလအတွင်း စေ့စပ်ဖြေရှင်းရေးအောင်မြင်သည့် အမှုအရေအတွက် ( ၃ ) မှု ရှိခဲ့ပြီး လွိုင်ကော်ခရိုင်တရားရုံးမှ တရားမကြီးမှု ( ၂ ) မှုနှင့် လွိုင်ကော်မြို့နယ်တရားရုံးမှ တရားမကြီးမှု( ၁ ) မှု တို့ဖြစ်ပါသည်။ စေ့စပ်ဖြေရှင်းရေးအောင်မြင်ပြီးသည့်အမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးများမှ အပြီးသတ်အမိန့်များချမှတ်ဆောင်ရွက်ပြီးဖြစ်ပါသည်။

**အများပြည်သူအသိပညာပေးအစီအစဉ်ဆိုင်ရာဆောင်ရွက်ချက်များ**

တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးအစီအစဉ်ကြိုတင်မိတ်ဆက်အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဥပဒေအထောက်ကူပြုအဖွဲ့ဝင်များ၊ ရှေ့နေရှေ့ရပ်များအား တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ကို ရှင်းလင်းမိတ်ဆက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကယားပြည်နယ်တရားလွှတ်တော်၌ တရားမမှုများတွင် **“ တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးအစီအစဉ် ”** အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီဖြစ်၍ ခရိုင်တရားရုံးများနှင့်မြို့နယ်တရားရုံးများမှ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများတွင်

ကြော်ငြာစာများ ချိတ်ဆွဲရန် ဗီနိုင်းကြော်ငြာစာများကပ်၍ အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ထို့အပြင် ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံး အသီးသီးတို့တွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး အစီအစဉ်နှင့်စပ်လျဉ်းသည့် ကြော်ငြာစာများ၊ ပိုစတာများ ချိတ်ဆွဲ အသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်ထားရှိပါသည်။ ထို့အပြင် ကယားပြည်နယ် တရားလွှတ်တော်တွင်လည်း တရားရုံးမှဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်နှင့်စပ်လျဉ်းသည့် အသိပညာပေးဗီဒီယိုဖိုင်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှထောက်ပံ့သည့် **LCD TV** ဖွင့်လှစ်လျက် အသိပညာပေးလုပ်ငန်းများကို အများပြည်သူသိရှိစေရန် ဆောင်ရွက်ထားရှိပါသည်။

**သင်တန်းများပို့ချခြင်း**

ကယားပြည်နယ်တရားလွှတ်တော်တွင် ( ၂၅-၆-၂၀၂၂ ) ရက်နေ့မှ ( ၂၆-၆-၂၀၂၂ ) ရက်နေ့ထိ ဖွင့်လှစ်သော တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် ၁/၂၀၂၂ နှင့် (၃-၁၂-၂၀၂၂) ရက်နေ့မှ (၄-၁၂-၂၀၂၂) ရက်နေ့ထိဖွင့်လှစ်သော တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်၂/၂၀၂၂သင်တန်းများတွင် ကယားပြည်နယ်တရားလွှတ်တော်၊ စေ့စပ်ဖြေရှင်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးဇင်လင်းသန့် ( တ/၂၈၅၇ ) မှ **" တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးအစီအစဉ်"**နှင့်စပ်လျဉ်း၍ ပို့ချခဲ့ပါသည်။

**ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်**

ကယားပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိခရိုင်နှင့် မြို့နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တရားရေးအရာရှိများ၊ အရာထမ်း၊ အမှုထမ်းများအား တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်လုပ်ငန်းစဉ်များ၊ အသုံးပြုရမည့် ပုံစံများနှင့် စပ်လျဉ်း ၍ အခါအားလျော်စွာ သင်တန်းများပို့ချရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် အမှုသည်များ အနေဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ အများပြည်သူများပိုမိုသိရှိနိုင်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်းများကို စီမံချက်များရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် မိတ်ဆက်ရှင်းလင်းခြင်းကို ( ၂၈-၇-၂၀၂၂ ) ရက်နေ့တွင် ကယားပြည်နယ်တရားလွှတ်တော် ရွှေကိန္နရီခန်းမတွင် ကျင်းပပြုလုပ်သည့်မှတ်တမ်းများ





## စေ့စပ်ဖြေရှင်းရေးဌာနရုံးခန်းများပြင်ဆင်ထားရှိပုံ










## အခြားကြိုးပမ်းဆောင်ရွက်မှုများ

### ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိမှု

### ရုံးခွန်

ကယားပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံး အဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်တော်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှလည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများနှင့် သက်ဆိုင်သူများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ရရှိငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တရားရုံးများ | ရုံးခွန်ရရှိငွေ | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁။ | ပြည်နယ်တရားလွှတ်တော် | ၄၀၀၀၀ | |
| ၂။ | လွိုင်ကော်ခရိုင်တရားရုံး | ၂၂၁၁၀၀၀ | |
| ၃။ | ဒီးမော့ဆိုခရိုင်တရားရုံး | - | |
| ၄။ | ဘောလခဲခရိုင်တရားရုံး | - | |
| ၅။ | မယ်စဲ့ခရိုင်တရားရုံး | - | |
| ၆။ | လွိုင်ကော်မြို့နယ်တရားရုံး | ၁၉၂၃၅၀ | |
| ၇။ | ဒီးမော့ဆိုမြို့နယ်တရားရုံး | - | |
| ၈။ | ဖရူဆိုမြို့နယ်တရားရုံး | - | |
| ၉။ | ရှားတောမြို့နယ်တရားရုံး | - | |
| ၁၀။ | ဘောလခဲမြို့နယ်တရားရုံး | - | |
| ၁၁။ | ဖားဆောင်းမြို့နယ်တရားရုံး | - | |
| ၁၀။ | မယ်စဲ့မြို့နယ်တရားရုံး | - | |
| | စုစုပေါင်း | ၂၄၄၃၃၅၀ | |

**ဒဏ်ငွေ**

ပြည်ထောင်စု၏ အရအသုံးဆိုင်ရာ ဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသော ဒဏ်ငွေများကို ပြည်နယ်တရားလွှတ်တော်၏ ရငွေများအဖြစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိခရိုင်နှင့် မြို့နယ်တရားရုံးများမှ ကောက်ခံရရှိသည့် **ဒဏ်ငွေစုစုပေါင်း ( ၄၉၀၀၀၀၀ /- )** ရရှိပါသည်။

| စဉ် | ရုံးအမည် | ယစ်မျိုးမှုမှရငွေ | အခြားရာဇဝတ်မှုမှရငွေ | မော်တော်ယာဉ်မှုမှရငွေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ပြည်နယ်တရားလွှတ်တော် | - | - | - | |
| ၂။ | လွိုင်ကော်ခရိုင် | - | - | - | |
| ၃။ | ဒီးမော့ဆိုခရိုင် | - | - | - | |
| ၄။ | ဘောလခဲခရိုင် | - | - | - | |
| ၅။ | မယ်စဲ့ခရိုင် | - | - | - | |
| ၆။ | လွိုင်ကော်မြို့နယ် | ၁၀၀၀၀၀ | ၃၄၀၀၀၀၀ | - | |
| ၇။ | ဒီးမော့ဆိုမြို့နယ် | - | ၂၉၀၀၀၀ | - | |
| ၈။ | ဖရူဆိုမြို့နယ် | - | ၂၈၀၀၀၀ | - | |
| ၉။ | ရှားတောမြို့နယ် | - | ၆၀၀၀၀ | - | |
| ၁၀။ | ဘောလခဲမြို့နယ် | ၁၀၀၀၀၀ | ၁၄၀၀၀၀ | ၅၀၀၀၀ | |
| ၁၁။ | ဖားဆောင်းမြို့နယ် | ၁၂၀၀၀၀ | ၂၀၀၀၀၀ | - | |
| ၁၂။ | မယ်စဲ့မြို့နယ် | - | ၁၆၀၀၀၀ | - | |
| | **စုစုပေါင်း** | **၃၂၀၀၀၀** | **၄၅၃၀၀၀၀** | **၅၀၀၀၀** | |

**လူ့စွမ်းအားအရင်းအမြစ်**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ( ၃၁ ) ရက်နေ့တွင် ပြည်နယ်တရားလွှတ်တော်နှင့်တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သော တရားရေးအရာရှိ ( ၁၉ ) ဦးနှင့် ရုံးဝန်ထမ်း ( ၅၅ ) ဦး ရှိပါသည်။ ပြည်နယ်တရားလွှတ်တော်အပါအဝင် တရားရုံးအဆင့်ဆင့်ရှိ အမှုထမ်းခွင့်ပြုအင်အားစုစုပေါင်း (၂၁၇) ဦးရှိသော်လည်း ( ၁၆၂ ) ဦးလစ်လပ်လျက်ရှိသဖြင့် လက်ရှိတွင်အမှုထမ်း ( ၅၅ ) ဦးဖြင့် ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

## ပြည်နယ်တရားလွှတ်တော် နှင့် တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိများ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက် အင်အားစာရင်း

| စဉ် | ရာထူးအမည် | လစာနှုန်း | ခွင့်ပြု | လက်ရှိ | | | လစ်လပ် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ညွှန်ကြားရေးမှူး | ၃၇၄၀၀၀ – ၄၀၀၀ – ၃၉၄၀၀၀ | ၁ | – | ၁ | ၁ | – |
| ၂ | တရားရေးဝန်ထမ်းအဆင့် (၁) | ၃၄၁၀၀၀ – ၄၀၀၀ – ၃၆၁၀၀၀ | ၁၀ | ၂ | – | ၂ | ၈ |
| ၃ | တရားရေးဝန်ထမ်းအဆင့် (၂) | ၃၀၈၀၀၀ – ၄၀၀၀ – ၃၂၈၀၀၀ | ၁၆ | ၆ | ၁ | ၇ | ၉ |
| ၄ | တရားရေးဝန်ထမ်းအဆင့် (၃) | ၂၇၅၀၀၀ – ၄၀၀၀ – ၂၉၅၀၀၀ | ၁၉ | ၃ | ၂ | ၅ | ၁၄ |
| ၅ | တရားရေးဝန်ထမ်းအဆင့် (၄) | ၂၁၆၀၀၀ – ၂၀၀၀ – ၂၂၆ ၀၀၀ | ၁၆ | ၄ | – | ၄ | ၁၂ |
| | **အရာထမ်းစုစုပေါင်း** | | **၆၂** | **၁၅** | **၄** | **၁၉** | **၄၃** |
| ၆ | ရုံးအုပ် | ၂၃၄၀၀၀ – ၂၀၀၀ – ၂၄၄၀၀၀ | ၂ | – | – | – | ၂ |
| ၇ | ဌာနခွဲစာရေး | ၂၁၆၀၀၀ – ၁၀၀၀ – ၂၂၆ ၀၀၀ | ၈ | – | ၄ | ၄ | ၄ |
| ၈ | အကြီးတန်းစာရေး | ၁၉၈၀၀၀ – ၂၀၀၀ – ၂၀၈၀၀၀ | ၄၃ | – | ၁၂ | ၁၂ | ၃၁ |
| ၉ | အကြီးတန်းလက်နှိပ်စက် | ၁၉၈၀၀၀ – ၂၀၀၀ – ၂၀၈၀၀၀ | ၄ | – | ၂ | ၂ | ၂ |
| ၁၀ | လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၉၈၀၀၀ – ၂၀၀၀ – ၂၀၈၀၀၀ | ၅ | – | – | – | ၅ |
| | လုံခြုံရေး–၃ | ၁၉၈၀၀၀ – ၂၀၀၀ – ၂၀၈၀၀၀ | ၁ | – | – | – | ၁ |
| ၁၁ | ယာဉ်မောင်း – ၃ | ၁၉၈၀၀၀ – ၂၀၀၀ – ၂၀၈၀၀၀ | ၁ | – | – | – | ၁ |
| ၁၂ | အငယ်တန်းစာရေး | ၁၈၀၀၀၀ – ၂၀၀၀ – ၁၉ ၀၀၀၀ | ၃၅ | ၁ | ၈ | ၉ | ၂၆ |
| ၁၃ | အငယ်တန်းလက်နှိပ်စက် | ၁၈၀၀၀၀ – ၂၀၀၀ – ၁၉ ၀၀၀၀ | ၃၄ | – | ၉ | ၉ | ၂၅ |
| | ဒုလ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀ – ၂၀၀၀ – ၁၉ ၀၀၀၀ | ၁ | – | – | – | ၁ |
| | လုံခြုံရေး–၄ | ၁၈၀၀၀၀ – ၂၀၀၀ – ၁၉ ၀၀၀၀ | ၃ | – | – | – | ၃ |
| ၁၄ | ယာဉ်မောင်း – ၅ | ၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀ | ၄ | ၂ | – | ၂ | ၂ |
| | လုံခြုံရေး–၅ | ၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀ | ၅ | – | – | – | ၅ |
| ၁၅ | စာတွဲချုပ် | ၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀ | ၁ | – | ၁ | ၁ | – |
| ၁၆ | ရုံးအကူ | ၁၄၄၀၀၀ – ၂၀၀၀ – ၁၅၄၀၀၀ | ၂၅ | – | ၅ | ၅ | ၂၀ |
| ၁၇ | ရုံးအကူ / စာပို့ | ၁၄၄၀၀၀ – ၂၀၀၀ – ၁၅၄၀၀၀ | ၂၁ | ၃ | ၁ | ၄ | ၁၇ |
| ၁၈ | ရုံးစောင့် | ၁၄၄၀၀၀ – ၂၀၀၀ – ၁၅၄၀၀၀ | ၁၁ | ၆ | – | ၆ | ၅ |
| ၁၉ | သန့်ရှင်းရေး | ၁၄၄၀၀၀ – ၂၀၀၀ – ၁၅၄၀၀၀ | ၁၀ | ၁ | – | ၁ | ၉ |
| | လုပ်သား( ဥယျာဉ် ) | ၁၄၄၀၀၀ – ၂၀၀၀ – ၁၅၄၀၀၀ | ၃ | – | – | – | ၃ |
| | **အမှုထမ်းစုစုပေါင်း** | | **၂၁၇** | **၁၃** | **၄၂** | **၅၅** | **၁၆၂** |
| | **စုစုပေါင်း** | | **၂၇၉** | **၂၈** | **၄၆** | **၇၄** | **၂၀၅** |

ကယားပြည်နယ်တရားရေးဦးစီးမှူးရုံး၏ ( ၈–၂–၂၀၂၂ ) ရက်စွဲပါ အမိန့်အမှတ် –၅၄ / ၂၀၂၂ဖြင့်ကယားပြည်နယ်တရားသူကြီးချုပ်ရုံးမှရုံးအကူဒေါ်ကက်သရင်းနာ အားလည်းကောင်း၊ အမိန့်အမှတ် – ၅၅ / ၂၀၂၂ ဖြင့် ဖရူဆို မြို့နယ်တရားရုံးမှ အငယ်တန်းစာရေး ဦးပြည့်စုံအောင် အား

လည်းကောင်း၊ အမိန့်အမှတ် -၅၆/၂၀၂၂ဖြင့် ဖရူဆိုမြို့နယ်တရားရုံးမှ အငယ်တန်းစာရေး ဒေါ်ဖူးဖူးလွင် အားလည်းကောင်း၊ ကယားပြည်နယ်တရားရေးဦးစီးမှူးရုံး၏ ( ၁၃-၃-၂၀၂၂ ) ရက်စွဲပါ အမိန့်အမှတ်-၈၄/၂၀၂၂ ဖြင့် ဘောလခဲမြို့နယ်တရားရုံးမှ အငယ်တန်းစာရေး ဒေါ်သော်တာစိမ့်အားလည်းကောင်း၊ ကယားပြည်နယ်တရားရေးဦးစီးမှူးရုံး၏ (၂၅-၁၀ -၂၀၂၂) ရက်စွဲပါအမိန့်အမှတ် - ၁၀၀ / ၂၀၂၂ ဖြင့် ဘောလခဲခရိုင်တရားရုံးမှ ဌာနခွဲစာရေး ဒေါ်ချယ်ရီလှ အားလည်းကောင်း နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ - ၅၃ ( ဇ ) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ - ၂၁၀( ဇ )တို့အရ ရာထူးမှထုတ်ပယ် ( Remove ) ခဲ့ပါသည်။

ကယားပြည်နယ်တရားရေးဦးစီးမှူးရုံး၏ (၅-၁၂-၂၀၂၂) ရက်စွဲပါအမိန့်အမှတ်၊ (၁၁၅/ ၂၀၂၂ ) ဖြင့် ဘောလခဲခရိုင်တရားရုံးမှ ရုံးအကူ / စာပို့ ဦးခင်မောင်အေးသည် လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ဆန္ဒမရှိတော့ပါသဖြင့် မည်သည့်အခွင့်အရေးတစ်စုံတစ်ရာမှ တောင်းခံခြင်းမပြုဘဲ အလုပ်မှနုတ်ထွက်ခွင့်ပြုပါရန် ၎င်း၏သဘောဆန္ဒအလျောက် လျှောက်ထားချက်အရ ၎င်းအား (၁-၁၂-၂၀၂၂) ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်မှနုတ်ထွက်ခွင့်ပြုခဲ့ပါသည်။

**ကယားပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်ရှိရာထူးအဆင့်အလိုက် ပြုန်းတီးဝန်ထမ်းအင်အားစာရင်း**

**၁.၁.၂၀၂၂ မှ ၃၁.၁၂.၂၀၂၂ ထိ**

| စဉ် | ရာထူး | ရာထူးမှ ထုတ်ပယ်ခြင်း | | ပင်စင် | | နုတ်ထွက် | | သေဆုံး | |
|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ |
| ၁ | ရုံးအုပ် | - | - | - | - | - | - | - | - |
| ၂ | ဌာနခွဲစာရေး | - | ၁ | - | - | - | - | - | - |
| ၃ | အကြီးတန်းစာရေး | - | - | - | ၁ | - | - | - | - |
| ၄ | အကြီးတန်းလက်နှိပ်စက်စာရေး | - | - | - | - | - | - | - | - |
| ၅ | လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး | - | - | - | - | - | - | - | - |
| ၆ | ယာဉ်မောင်း-၃ | - | - | - | - | - | - | - | - |
| ၇ | အငယ်တန်းစာရေး | ၁ | ၂ | - | - | - | - | - | - |
| ၈ | အငယ်တန်းလက်နှိပ်စက်စာရေး | - | - | - | - | - | - | - | - |
| ၉ | ယာဉ်မောင်း-၅ | - | - | - | - | - | - | - | - |
| ၁၀ | စာတွဲချုပ် | - | - | - | - | - | - | - | - |
| ၁၁ | ရုံးအကူ | - | ၁ | - | - | - | - | - | - |
| ၁၂ | ရုံးအကူ/စာပို့ | - | - | - | - | ၁ | - | - | - |
| ၁၃ | ရုံးစောင့် | - | - | - | - | - | - | - | - |
| ၁၄ | သန့်ရှင်းရေး | - | - | - | - | - | - | - | - |
| | **စုစုပေါင်း** | **၁** | **၄** | **-** | **၁** | **၁** | **-** | **-** | **-** |

## လေ့ကျင့်သင်ကြားပေးမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု

တရားသူကြီးများ၏ အရည်အသွေးပြည့်ဝမှုသည် ပြည်သူအများ ယုံကြည်အားထားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာရေးတွင် အဓိကဖြစ်သည့်အတွက် တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးတို့အတွက် စဉ်ဆက်မပြတ်အားထုတ် ဆောင်ရွက်လျက်ရှိပါသည်။

တရားစီရင်ရေးဆိုင်ရာစွမ်းဆောင်ရည်တိုးတက်ရေးအတွက် ပြည်နယ်တရားလွှတ်တော်တွင် ၂၀၂၂ ခုနှစ်အတွင်း တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာအရည်အသွေးမြှင့် သင်တန်းအမှတ်စဉ် ( ၁/၂၀၂၂ ) ကို ( ၂၅-၆-၂၀၂၂ ) ရက်နေ့မှ ( ၂၆-၆-၂၀၂၂ ) ရက်နေ့ထိလည်းကောင်း၊ သင်တန်းအမှတ်စဉ် ( ၂/၂၀၂၂ )ကို ( ၃-၁၂-၂၀၂၂ ) ရက်နေ့မှ ( ၄-၁၂-၂၀၂၂ ) ရက်နေ့ထိလည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။



**တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် ( ၁/ ၂၀၂၂ )**

**တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် ( ၂/ ၂၀၂၂ )**



**အများပြည်သူအတွက် တရားရုံးများလက်လှမ်းမီရေးနှင့် အသိအမြင် မြှင့်တင်ရေးဆောင်ရွက်ခြင်း**

ကယားပြည်နယ်တရားလွှတ်တော် လူမှုကွန်ယက်စာမျက်နှာ ( Facebook Page ) တွင် တရားရုံးဆိုင်ရာ သတင်းအချက်အလက်များ၊ ကယားပြည်နယ်တရားလွှတ်တော်၏ ကြိုတင်အမှုခေါ်စာရင်းများ၊ စီရင်ချက်ချမှတ်သည့် အမှုစာရင်းများအား ကြေညာခဲ့ပါသည်။

ကယားပြည်နယ်တရားလွှတ်တော် **Website** ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီအစဉ်ဖြင့် ( ၁-၁၂-၂၀၂၀ ) ရက်နေ့မှစတင်၍ လွှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ **Website** တွင် ကယားပြည်နယ်တရားလွှတ်တော်၏ ကြိုတင်အမှုခေါ်စာရင်းများ၊သတင်းများ အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိပါသည်။ ကယားပြည်နယ်အတွင်းရှိ တရားရုံးများ၏ လမ်းညွှန်လိပ်စာများ၊ ဒေသန္တရဥပဒေများနှင့် ကယားပြည်နယ်တရားလွှတ်တော် တရားရုံး နှစ်စဉ်အစီရင်ခံစာများကို ဖော်ပြထားရှိပါသည်။

တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များကိုထုတ်ပြန်နိုင်ရန် ကယားပြည်နယ် တရားလွှတ်တော်တွင် သတင်းပြန်ကြားရေးအဖွဲ့ ဖွဲ့စည်း၍ ( Public Information Officer ) သတင်း ပြန်ကြားရေးအရာရှိအဖြစ် ဒုတိယညွှန်ကြားရေးမှူးအား ခန့်အပ်ထားပြီးဖြစ်ပါသည်။ ခရိုင်တရားရုံး နှင့် မြို့နယ်တရားရုံးများတွင်လည်း လူထုအသိအမြင် တိုးတက်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေးတို့ အတွက် (Court Information Officer ) သတင်းပြန်ကြားရေးအရာရှိများ ခန့်အပ်ထားပြီး ဖြစ်ပါသည်။

တရားရုံးများသည် နိုင်ငံသားတို့၏ အခွင့်အရေးကာကွယ်ရန်နှင့် တရားဥပဒေစိုးမိုးရေး ကိုထိန်းသိမ်း စောင့်ရှောက်ရန်အတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ သို့အတွက် ပြည်သူများလုံခြုံစိတ်ချမှုရှိစေရန်၊ တရားရုံးအသုံးပြုသူများ လွယ်ကူစွာအသုံးပြုနိုင်ရန်နှင့် တရားမျှတမှုကို အဟန့်အတားမဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

**ဥပဒေအသစ်များနှင့် ပြင်ဆင်သည့် ဥပဒေများရေးဆွဲဆောင်ရွက်ခြင်း**

ကယားပြည်နယ်လွှတ်တော်က ပထမအကြိမ်လွှတ်တော်သက်တမ်းနှင့်ဒုတိယအကြိမ် လွှတ်တော်သက်တမ်း၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ ကာလအတွင်းအောက်ပါ ဥပဒေ၊ နည်းဥပဒေ များကိုထုတ်ပြန်ခဲ့ပါသည်-

(က) ၂၀၁၃ ခုနှစ်၊ ကယားပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေ၊

( ခ ) ၂၀၁၃ ခုနှစ်၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ၊

( ဂ ) ၂၀၁၃ ခုနှစ်၊ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲခြင်းဆိုင်ရာဥပဒေ၊

(ဃ) ၂၀၁၃ ခုနှစ်၊ ကျေးရွာထင်းစိုက်ခင်းဥပဒေ၊

( င ) ၂၀၁၄ ခုနှစ်၊ သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေးဥပဒေ၊

( စ ) ၂၀၁၄ ခုနှစ်၊ ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ၊

(ဆ) ၂၀၁၄ ခုနှစ်၊ ရေချိုငါးလုပ်ငန်းဥပဒေ၊

( ဇ ) ၂၀၁၄ ခုနှစ်၊ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ၊

( ဈ ) ၂၀၁၄ ခုနှစ်၊ လွှတ်တော်ဆိုင်ရာနည်းဥပဒေ၊

(ည) ၂၀၁၆ ခုနှစ်၊ ယစ်မျိုးခွန်ဥပဒေ၊

( ဋ ) ၂၀၁၆ ခုနှစ်၊ လွှတ်တော်လက်စွဲ၊

( ဌ ) ၂၀၁၇ ခုနှစ်၊ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲခြင်းဆိုင်ရာဥပဒေ၊

( ဍ ) ၂၀၁၇ ခုနှစ်၊ ပြတိုက်နှင့်စာကြည့်တိုက်များဥပဒေ၊

( ဎ ) ၂၀၁၇ ခုနှစ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေ၊

(ဏ) ၂၀၁၈ ခုနှစ်၊ ကယားပြည်နယ်မြေယာခွန်ဥပဒေ ၊

(တ) ၂၀၁၉ ခုနှစ်၊ ကယားပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ

**ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့ အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်မှုအခြေအနေ**

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ− ၆၈ နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၉−၁၀−၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ်− ၅/၂၀၁၃တို့အရ ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်သန်းသန်းအေးသည် လွိုင်ကော်မြို့မရဲတပ်ဖွဲ့အချုပ်ခန်းအား ၉−၁၂−၂၀၂၂ ရက်နေ့တွင်သွားရောက်စစ်ဆေးခဲ့ပါသည်။ နယ်မြေဒေသအခြေအနေအရ ကယားပြည်နယ်အတွင်းရှိ အကျဉ်းထောင်များ၊ရဲဘက်စခန်းများ၊ ကျန်ရဲတပ်ဖွဲ့အချုပ်စခန်းများအား ကြည့်ရှုစစ်ဆေးနိုင်ခြင်းမရှိပါ။

**ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်သန်းသန်းအေး လွိုင်ကော်မြို့မ ရဲစခန်းအချုပ်ခန်းအား ( ၉ − ၁၂ − ၂၀၂၂ ) ရက်နေ့တွင် စစ်ဆေးခြင်းမှတ်တမ်းများ**





**ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ၂၀၂၂ ခုနှစ်အတွင်း ပြည်နယ်အတွင်းရှိ တရားရုံးများအား ရှောင်တခင်စစ်ဆေးကြည့်ရှုနိုင်မှုအခြေအနေ**

ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်သန်းသန်းအေးသည် ( ၁၉-၃-၂၀၂၂ )၊ ( ၇-၄-၂၀၂၂ )၊ ( ၂၁-၅-၂၀၂၂ )၊ (၁၇-၉-၂၀၂၂)၊ (၈-၁၀-၂၀၂၂) ရက်နေ့နှင့် (၅-၁၁-၂၀၂၂) ရက်နေ့များတွင် လွိုင်ကော်ခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်တရားရုံးတို့တွင် ( ၁-၂-၂၀၂၁ ) နေ့ အရေးပေါ် အခြေအနေ ကြေညာပြီးနောက်ပိုင်း စွဲဆိုထားသည့်အမှုများ၊ ( ၁ ) နှစ်အထက်၊ ( ၂ ) နှစ်အထက်၊ ( ၃ ) နှစ်အထက်ကြန့်ကြာ လျက်ရှိသော တရားမမှုများနှင့် ရာဇဝတ်မှုများ ပြီးပြတ်ရေး၊ သီးသန့် ရုံးထိုင်ဖြင့်စစ်ဆေးသည့် ရာဇဝတ်ကြီးမှုနှင့် ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲဆိုင်ရာ ရာဇဝတ်ကြီးမှုများကို ဥပဒေနှင့်အညီ အမြန်စစ်ဆေးပြီးပြတ် ရေးအတွက်ဆောင်ရွက်မှု အခြေအနေ၊ သက်သေခံပစ္စည်းများထားရှိမှုနှင့်စီမံခန့်ခွဲမှုအခြေအနေ၊ တရားရုံးနှင့်ဝန်ထမ်းများ၏ လုံခြုံရေးအခြေအနေများကို ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ပါသည်။

**ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်သန်းသန်းအေး**
**လွိုင်ကော်ခရိုင်တရားရုံးနှင့်လွိုင်ကော်မြို့နယ်တရားရုံးတို့အား ၂၀၂၂ ခုနှစ်အတွင်း**
**ရှောင်တခင်ကြည့်ရှုစစ်ဆေးခြင်းမှတ်တမ်းများ**













**တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ( ၂၀၁၈ – ၂၀၂၂ ) ခုနှစ်**

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ( ၂၀၁၈ – ၂၀၂၂ ) သည် ( ၅ ) နှစ်တာကာလ အတွင်း မဟာဗျူဟာလုပ်ငန်းနယ်ပယ် ( ၅ ) ရပ်သတ်မှတ်ပြီး နယ်ပယ်တစ်ခုချင်းစီအလိုက် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဖြစ်ပါ သည်။ ယင်းသို့ နယ်ပယ် ( ၅ ) ရပ်တွင် ဆောင်ရွက်မည့် မဟာဗျူဟာရည်မှန်းချက် ၁၆ ရပ်၊ အစီအစဉ် ၃၉ ရပ်တို့ကို တိတိကျကျ သတ်မှတ်၍ မဟာဗျူဟာအစီအစဉ်များ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် ဦးစားပေး အဆင့် ( ၃ ) ဆင့်ခွဲခြား ဆောင်ရွက်လျက်ရှိပါသည်။

**ပဉ္စမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်( ၂၀၂၂ )ခုနှစ်အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ**

၂၀၂၂ ခုနှစ်သည် မဟာဗျူဟာလုပ်ငန်းအစီအစဉ်၏ ပဉ္စမနှစ်ဖြစ်ပြီး ကယားပြည်နယ် တရားလွှတ်တော်အနေဖြင့်(ပဉ္စမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်၂၀၂၂ ) ကိုအကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။

## ပဉ္စမနှစ်မဟာဗျူဟာလုပ်ငန်း အစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ

ကယားပြည်နယ်တရားလွှတ်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးထွန်း ( တ / ၂၈၄၃ ) သည် ဗဟိုဝန်ထမ်းတက္ကသိုလ် ( အထက်မြန်မာပြည် ) ၌ ( ၈-၁၁-၂၀၂၁ ) ရက်နေ့မှ( ၂၅-၃-၂၀၂၂ )ရက်နေ့အထိဖွင့်လှစ်ခဲ့သည့် အလယ်အလတ်အဆင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုအဆင့်မြင့် ဒီပလိုမာသင်တန်း အမှတ်စဉ် ( ၅ ) သို့လည်းကောင်း၊လွိုင်ကော်မြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်မေသဥ္စာသင်း ( တ / ၃၅၂၆ ) သည် ဗဟိုဝန်ထမ်းတက္ကသိုလ် ( အထက်မြန်မာပြည် ) ၌ ( ၂၇-၁၂-၂၀၂၁ ) ရက်နေ့မှ ( ၃၁-၃-၂၀၂၂ ) ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် ( ၆၂ ) သို့လည်းကောင်း တက်ရောက်ခဲ့ပါသည်။

တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပြည့်ဝစေရန် အရည်အသွေးမြှင့်သင်တန်း ( ၁/ ၂၀၂၂ ) နှင့် ( ၂/ ၂၀၂၂ ) များကိုဖွင့်လှစ်ပို့ချခဲ့ပါသည်။






# ကယားပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးနှင့် Zoom Meeting ပြုလုပ်ခဲ့သည့် မှတ်တမ်းများ















တရားစီရင်ရေး အဆင်ပြေချောမွေ့စေရန်အလို့ငှါ ဒီးမော့ဆို ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့မည့် ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ လွိုင်ကော်မြို့တွင် ရုံးထိုင်စစ်ဆေးစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၆-၉-၂၀၂၂ ရက်စွဲပါအမိန့်အမှတ် ( ၈၈၈ / ၂၀၂၂ ) ဖြင့် လည်းကောင်း၊ဒီးမော့ဆိုမြို့နယ်တရားရုံး၊ဖရူဆိုမြို့နယ်တရားရုံးနှင့်ရှားတောမြို့နယ် တရားရုံးများသို့ တရားစွဲဆိုတင်ပို့မည့် ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ လွိုင်ကော်မြို့တွင် ရုံးထိုင်စစ်ဆေးစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏၂-၈-၂၀၂၂ ရက်စွဲပါအမိန့်အမှတ်( ၇၉၄ / ၂၀၂၂ )၊( ၇၉၅/၂၀၂၂ )နှင့်(၇၉၆ /၂၀၂၂ ) တို့ဖြင့် လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ - ၁၇၈ အရ ညွှန်ကြားခဲ့သဖြင့် ဒီးမော့ဆိုခရိုင်တရားရုံး၊ ဒီးမော့ဆိုမြို့နယ်တရားရုံး၊ ဖရူဆိုမြို့နယ်တရားရုံး နှင့် ရှားတောမြို့နယ်တရားရုံးတို့သည် လွိုင်ကော်မြို့တွင် ရုံးထိုင် ဖွင့်လှစ်ကာ အမှုများ စစ်ဆေးစီရင်လျက်ရှိပါသည်။

**ဒီးမော့ဆိုခရိုင်တရားရုံး**



**ဒီးမော့ဆိုမြို့နယ်တရားရုံး**




**ဖရူဆိုမြို့နယ်တရားရုံး**




**ရှားတောမြို့နယ်တရားရုံး**



# ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်မှ ၂၀၂၂ ခုနှစ်အတွင်း
# ဝန်ထမ်းများအားထောက်ပံ့ပေးမှုမှတ်တမ်းများ















## ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ Web Mail လိပ်စာများ

| စဉ် | ရုံးအမည် | Web Mail လိပ်စာ |
|---|---|---|
| ၁။ | ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရုံး | kayahcj@usc.gov.mm |
| ၂။ | ကယားပြည်နယ်တရားရေးဦးစီးမှူးရုံး | kayah.jo@usc.gov.mm<br>kayah.js@usc.gov.mm<br>kayah.admin@usc.gov.mm |
| ၃။ | လွိုင်ကော်ခရိုင်တရားရုံး | loikaw.dc@usc.gov.mm |
| ၄။ | ဘောလခဲခရိုင်တရားရုံး | bawlakhe.dc@usc.gov.mm |
| ၅။ | ဒီးမော့ဆိုခရိုင်တရားရုံး | demoso.dc@usc.gov.mm |
| ၆။ | မယ်စဲ့ခရိုင်တရားရုံး | mese.dc@usc.gov.mm |
| ၇။ | လွိုင်ကော်မြို့နယ်တရားရုံး | loikaw@usc.gov.mm |
| ၈။ | ဒီးမော့ဆိုမြို့နယ်တရားရုံး | demoso@usc.gov.mm |
| ၉။ | ဖရူဆိုမြို့နယ်တရားရုံး | hpruso@usc.gov.mm |
| ၁၀။ | ရှားတောမြို့နယ်တရားရုံး | shadaw@usc.gov.mm |
| ၁၁။ | ဘောလခဲမြို့နယ်တရားရုံး | bawlakhe@usc.gov.mm |
| ၁၂။ | ဖားဆောင်းမြို့နယ်တရားရုံး | hpasawng@usc.gov.mm |
| ၁၃။ | မယ်စဲ့မြို့နယ်တရားရုံး | mese@usc.gov.mm |

# ကျေးဇူးတင်လွှာ

ဤနှစ်စဉ် အစီရင်ခံစာထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုရေးအဖွဲ့နှင့် ကူညီဆောင်ရွက်ပေးခဲ့သူများအားလုံးကို အထူး ကျေးဇူးတင်ရှိပါသည်။

**၂၀၂၂ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာအတွက် ဆက်သွယ်ရန်**


တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုရေးလုပ်ငန်းအဖွဲ့

Website –https://kayah.hc.gov.mm

ကယားပြည်နယ်တရားလွှတ်တော်

လွိုင်ကော်မြို့

CONTACT FOR 2022 ANNUAL REPORT

Annual Court Reporting team

Website –https://kayah.hc.gov.mm

HIGH COURT OF THE KAYAH STATE

Loikaw Township